# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၁၂)၊ ၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း ၅ ရက်၊ ၂၂–၃–၂၀၂၆၊ တနင်္ဂနွေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး



နေပြည်တော် မတ် ၂၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးသည် ဒုတိယနာယက Jeng Phang နော်တောင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးသန်းထွန်းဦး၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ကြည့်ရှုစစ်ဆေးစဉ် လွှတ်တော်နာယကက လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေးနှင့် သွားလာရေးကိစ္စရပ်များကို ဆွေးနွေးမေးမြန်းပြီး လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုသည့်အဆောင်များ၊ ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ လွှတ်တော်ကိုယ်စားလှယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ ဖတ်စရာအညွှန်း

**အဝေးကို မြင်နိုင်ပါပြီ (ဖောင်တော်ဦး အခမဲ့မျက်စိဆေးခန်း) (ဆောင်းပါး)**

စာမျက်နှာ ၆

**ဆွီဒင်နိုင်ငံ ချမ်းမားစ်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ "ရောမအက်တမ်အစုအဖွဲ့များ" သီအိုရီ မူဘောင်တစ်ခု မိတ်ဆက်**

စာမျက်နှာ ၇

**ပီကာရီယိုကို ခေါ်ယူရန် အင်တာမီလန်အသင်း စီစဉ်**

စာမျက်နှာ ၁၁

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် မတ် ၂၁

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ် ၊ မတ် ၂၂ ရက် ၊ တနင်္ဂနွေနေ့။

မန္တလေး

# ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံသားအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ်မှန်ကန်ရေးဖြစ်ကြောင်း။ ယခုသင်တန်းကို တက္ကသိုလ်၊ကောလိပ်အသီးသီးရှိ သင်ကြားရေး ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေပြီး အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်သက်ဆိုင်သော အသိပညာများ တိုးပွားလာစေရန်၊ အစုအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်နှင့် အခြေခံကာကွယ်ရေးပညာကို နားလည်သဘောပေါက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက မတ် ၂၀ ရက် နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ် ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၂၅) သင်တန်းဆင်းပွဲ၌ ပြောကြားသည်။

ပညာသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များကို မြင့်မားတိုးတက်စေသည့်အတွက် နိုင်ငံအတွက် အရေးပါပြီး တန်ဖိုးကြီးမားသည့် အခြေခံအရည်အချင်းဖြစ်ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ် ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် အမျိုးသားပညာရေး၊ ကျန်းမာရေးကဏ္ဍများမြင့်မားရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာတွင် ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများက ကျရာအခန်းကဏ္ဍမှ ကျွမ်းကျင်မှုနှင့်အတူ စိတ်စေတနာကောင်းဖြင့် ပေါင်းစပ်ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာသင်ယူမှုမှတစ်ဆင့်ရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းသည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေးကဏ္ဍအသီးသီးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းလိုက်နာရမည့် စည်းကမ်းများ၊ တည်ဆဲဥပဒေများကို စောင့်ထိန်းလိုက်နာကြရန်၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်နှင့် ကျင့်ဝတ်အပါး(၁၀)ကို အလေးထားလိုက်နာကြရန်၊ ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျောင်းသားလူငယ်၊ မိဘပြည်သူနှင့် ရပ်ရွာလူထုအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရပ်များကို ဆည်းပူးလေ့လာပြီး နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ်များ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။ ပညာရေးအခွင့်အလမ်းအသစ်များ ပေါ်ထွန်းစေရေး ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာန ရှစ်ခုမှ သင်တန်းသား ၆၈ ဦး၊ သင်တန်းသူ ၃၀၅ ဦး၊ စုစုပေါင်း ၃၇၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်ခဲ့သည်။

နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော အသိပညာများ တိုးပွားလာစေရန်အတွက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းကရရှိခဲ့သည့် အတွေ့အကြုံဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်နှင့်ပေါင်းစပ်ပြီး မိမိတို့၏ တက္ကသိုလ်၊ ကောလိပ်နှင့် မိမိတို့ဒေသ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## မဟာသင်္ကြန်ကာလတွင်း (၄၈)ကြိမ်မြောက် အထူး ၁၀ ရက်တရားစခန်း ကျင်းပမည်

**စဉ့်ကိုင် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ကျေးရွာရှိ အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာကြီးတွင် မဟာသင်္ကြန်ကာလအတွင်း (၄၈)ကြိမ်မြောက်အထူးတရားစခန်းပွဲကို ဧပြီ ၇ ရက်မှ ၁၇ ရက်အထိ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ တရားစခန်းပွဲတွင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယျအတိုင်း အရိယဝံသ မိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာ ဦးစီးပဓာနနာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တမာနိတ က သစ္စာတရား၊ ဝိပဿနာတရား၊ ခန္ဓာဉာဏ်ရောက် အလုပ်စဉ်အလုပ်ပေးတရားများကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။

တရားစခန်းပွဲတွင် တစ်နာရီ ထိုင်တရား ခြောက်ကြိမ်၊ စင်္ကြံလျှောက် လေးဆယ့်ငါးမိနစ် တစ်ကြိမ်၊ ဟောတရားနှစ်ကြိမ်၊ သီလပေး တစ်ကြိမ် စုစုပေါင်း ကိုးကြိမ် တရားအားထုတ်ရမည်ဖြစ်သည်။

တရားစခန်း ဝင်ရောက်လိုကြသော ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ဆရာလေးများသည် သာသနာဝင်ကတ်ပြားမူရင်း၊ လူပုဂ္ဂိုလ်များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့ ယူဆောင်လာရမည်ဖြစ်ပြီး အဖိုးတန်ရတနာပစ္စည်းများ ယူဆောင်လာခြင်းမပြုကြရန်၊ တရားစခန်းဝင် အမျိုးသမီးများအနေဖြင့် အပွင့်အခက်မပါသော ယောဂီထည်များ၊ ဖျာ၊ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးနှင့် ဆေးဝါးအသုံးအဆောင်ပစ္စည်းများ ယူဆောင်ကြပါရန်နှင့် တရားစခန်းဝင်ဦးရေ ၅၀၀ သတ်မှတ်ထားပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် ကြိုတင်စာရင်းပေးသွင်းသူများအနေဖြင့် ရိပ်သာအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဖွန်ဝမ်းစတားတာယာရောင်းဝယ်ရေး) ဖုန်း ၀၉-၇၆၇၇၇၅၇၉၇၊ အကျိုးတော်ဆောင်အဖွဲ့ဝင်များ ဖုန်း ၀၉-၄၃၀၀၃၃၅၇၊ ၀၉-၂၅၉၉၉၈၂၅၂ တို့ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

(၀၅၃)

၀-၀-၀-၀-၀

၀-၀-၀

## သူနာပြုတက္ကသိုလ်-မန္တလေး (၂၃)ကြိမ်နှင့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပ

**မန္တလေး မတ် ၂၁**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုတက္ကသိုလ်-မန္တလေး၏ (၂၃)ကြိမ်နှင့် (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ သူနာပြုတက္ကသိုလ်-မန္တလေးပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်က သူနာပြုသစ္စာအဓိဋ္ဌာန် (၈) ချက်ကို တိုင်ပေးပြီး သူနာပြုပါရဂူဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ အထူးပြုသူနာပြုဒီပလိုမာဘွဲ့နှင့် သူနာပြုသိပ္ပံဘွဲ့များအတွက် ကောင်းစွာ အောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ပညာရေးအဖွဲ့က ကြေညာခြင်းခံကြရသူများအား သက်ဆိုင်ရာဘွဲ့များ အပ်နှင်းသည်။

(၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့တက်ရောက်ယူသူ သူနာပြုပါရဂူဘွဲ့ လေးဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ ၁၈ ဦး၊ အထူးပြုသူနာပြုဒီပလိုမာ ရှစ်ဦး၊ သူနာပြုသိပ္ပံဘွဲ့ ၂၄၁ ဦး၊ အဝေးရောက်ဘွဲ့ယူသူ အထူးပြုသူနာပြုဒီပလိုမာ နှစ်ဦးနှင့်သူနာပြု သိပ္ပံဘွဲ့ ၂၃ ဦး၊ (၂၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ရရှိသူ သူနာပြုသိပ္ပံဘွဲ့ ၁၉၈ ဦးတို့ကို ပါမောက္ခချုပ်က ဘွဲ့လက်မှတ်များ ပေးအပ်ကာ ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သူနာပြုတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဝင်းစိန်နှင့် ပညာရေးအဖွဲ့ဝင်များနှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးမိတ်ဆွေများ တက်ရောက်ကြသည်။

သူနာပြုတက္ကသိုလ်-မန္တလေး အနေဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ၂၇ နှစ်တာ ကာလအတွင်း သူနာပြုပါရဂူဘွဲ့ ၁၀ ဦးနှင့် သူနာပြုမဟာသိပ္ပံဘွဲ့ ၁၈၈ ဦး၊ အထူးပြုသူနာပြုဒီပလိုမာဘွဲ့ ၄၁၅ ဦး၊ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) ၃၀၆၇ ဦး၊ သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) ၂၂၁၆ ဦး၊ စုစုပေါင်း ၅၈၉၆ ဦးတို့အား ဘွဲ့အပ်နှင်းနိုင်ခဲ့ပြီး ပြည်သူလူထုကို ကျန်းမာရေး စောင့်ရှောက်ပေးနိုင်မည့် သူနာပြုကောင်းများ မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၁၃၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ညောင်ရွှေမြို့နယ်၌ အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများ ဝေဟင်မှကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သစ်တောဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့် မြေတိုင်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့နယ် အင်းလေးကန်ပတ်လည်တွင် မြေအသုံးချမှုပြောင်းလဲမှုများကို ဝေဟင်မှကြည့်ရှုစစ်ဆေးရန် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ချက်နိုင်ငံထုတ် Let L 410 အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိကြသည်။

ဟဲဟိုးလေဆိပ်၌ ရှမ်းပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ရှမ်းပြည်နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက ညောင်ရွှေမြို့နယ် အင်းလေးကန်တစ်ဝိုက်ကို ဝေဟင်မှ လှည့်လည်ကြည့်ရှုစစ်ဆေးမည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ်အတွင်းရှိ သစ်တောမြေဖြစ်သော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း တရားမဝင်ကျူးကျော်ဝင်ရောက်နေမှုများ၊ မြေလွတ်မြေရိုင်းနှင့် လယ်ယာမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲအသုံးချနေမှုများနှင့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများတွင် ခွင့်ပြုချက်





မရှိဘဲ မြေအသုံးချနေမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟဲဟိုးလေဆိပ်မှ ချက်နိုင်ငံထုတ် သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ညောင်ရွှေမြို့နယ်အတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သဘာဝတောများ ထိန်းသိမ်းခြင်း၊ စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ တရားမဝင်ကျူးကျော်အခြေချခြင်းများနှင့် တရားမဝင်မြေအသုံးချခြင်းများမရှိစေရန်၊ မြေအသုံးချနေမှုများ ဥပဒေနှင့်အညီ စနစ်ကျမှန်ကန်စေရန် သက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များစုဖွဲ့ကာ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ၊ ရေဝေရေလဲဒေသများထိန်းသိမ်းရေးလုပ်ငန်းများနှင့် တောမီးနှင့် မီးခိုးမြူငွေ့အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် ဝေဟင်မှကြည့်ရှုစစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

သတင်းစဉ်

# အဆင့်မြင့်ပညာဦးစီးဌာန ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

နေပြည်တော် မတ် ၂၁

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက မြန်မာတက္ကသိုလ်အားကစားအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲတွင် အခြားဆုတံဆိပ်များအပြင် ပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ)ကစားနည်းတွင် ရွှေတံဆိပ်တစ်ခုနှင့် ပိုက်ကျော်ခြင်း (လေးယောက်တွဲ)ကစားနည်းတွင် ငွေတံဆိပ်တစ်ခုတို့ကို ဆွတ်ခူးကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့်သင်တန်းသည် ပိုက်ကျော်ခြင်းအားကစားနည်း၏ ဒိုင်လူကြီးနှင့်နည်းပြအရည်အသွေးများကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း၊ တက္ကသိုလ်တိုင်းတွင် အားကစားနည်းပြများရှိမှသာလျှင် တက္ကသိုလ်များ၏ အားကစားအဆင့်အတန်းလည်း တိုးတက်လာမည်ဖြစ်သဖြင့် အားကစားနည်းမျိုးစုံကျွမ်းကျင်သော ဒိုင်လူကြီးများ၊ အားကစားနည်းပြများကို ဆက်လက်လေ့ကျင့်မွေးထုတ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် တက်တက်ကြွကြွသင်ယူလေ့ကျင့်ကြရန်နှင့် မိမိတို့တက္ကသိုလ်၊ ဒီဂရီကောလိပ်သို့ ပြန်လည်ရောက်ရှိသည့်အခါ ကျောင်းစာတွင်သာမက နိုင်ငံတော်အတွက် အားထားရသည့် ဗလငါးတန်နှင့်ပြည့်စုံသော ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများကို မွေးထုတ်ပေးကြစေလိုကြောင်း ပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ပိုက်ကျော်ခြင်း ဒိုင်လူကြီးသင်တန်း (၁/၂၀၂၆)ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ ပို့ချသွားမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ကြပြီး မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကျွမ်းကျင်ပညာရှင်နည်းပြဆရာ နှစ်ဦးက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သစ်တောများ၊ ရေသယံဇာတများ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

**ပျော်ဘွယ် မတ် ၂၁**

ရမည်းသင်းခရိုင်၊ ပျော်ဘွယ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောများ၊ ရေသယံဇာတများ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၀ ရက် ညနေ ၄ နာရီခွဲက ဖောင်းတောကျေးရွာအုပ်စု၊ ပေါအိုင်ရိုးကျေးရွာတွင် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးမှူး ဦးအောင်ခင်ဦးက ကျေးရွာချင်းဆက်လမ်းများ၌ သစ်ပင်များ စိုက်ပျိုးသွားနိုင်ရေး၊ စိုက်ပျိုးပြီး သစ်ပင်များအား ပြုစုပျိုးထောင်ထိန်းသိမ်းတတ်စေရေး၊ သစ်ပင်များနှင့် ရာသီဥတုဆက်နွယ်မှု၊ သန့်ရှင်းသောမြေအောက်ရေရရှိမှုတို့အပြင် မီးခိုးမြူငွေ့လျှော့ချနိုင်ရေးအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများနှင့် ဆက်စပ်ရောဂါများဖြစ်ပွားနိုင်သည့် စိုက်ပျိုးရေးသုံးစွန့်ပစ်ပစ္စည်းများ၊ သစ်ရွက်ခြောက်များနှင့် စွန့်ပစ်အမှိုက်များအား မီးမရှို့ဘဲ စနစ်တကျစွန့်ပစ်ခြင်း၊ အခြားနည်းဖြင့် ပြန်လည်အသုံးပြုခြင်း စသည့်နည်းလမ်းများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျေးရွာပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်သစ်တောဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ အလားတူ ကုန်းသာအုပ်စု၊ သဲပုတ်ကျေးရွာတွင်လည်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

**အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၀)အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ပါးမား | ၀ - ၂ | ခရီမိုနီဆီ |
| အေစီမီလန် | ၃ - ၂ | တိုရီနို |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၁) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| ဘရိုက်တန် | ၂ - ၁ | လီဗာပူး |
| ဖူလ်ဟမ် | ၃ - ၁ | ဘန်လေ |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၉) အနိုင်၊ အရှုံး** (NGB)

| | | |
|---|---|---|
| အယ်လ်ချီ | ၂ - ၁ | မာယော့ကာ |
| အက်စ်ပန်ညို | ၁ - ၂ | ဂီတာဖေး |

* စာမျက်နှာ ၂၄ မှ
စည်းကမ်းများနှင့် သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းသုံးစာရေးကိရိယာများကို သင်တန်းနည်းပြများထံ ပေးအပ်ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းပြီးနောက် သင်တန်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုစီမံချက်စည်းမျဉ်းနှင့်အညီ ဖွင့်လှစ်သည့် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းတွင် အခြေခံပညာကျောင်းများမှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦး တက်ရောက်ကြပြီး ဧပြီ ၇ ရက်အထိ ဖွင့်လှစ်၍ ဗုဒ္ဓဘာသာယဉ်ကျေးမှု ကျင့်ဝတ်ဘာသာ၊ ဗုဒ္ဓဘာသာ မြန်မာစာ၊ အဘိဓမ္မာဘာသာ သုံးဘာသာကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလပြီးဆုံးသည်အထိ တက်ရောက်ပြီး ဖြေဆို၍အောင်မြင်မှသာ အောင်လက်မှတ်များ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)







## ရပ်စောက်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်ရှိ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ထီးခမ်းကျေးရွာရှိ ဒေသခံတိုင်းရင်းသား ပြည်သူများအား အဆိုပါကျေးရွာရှိ ထီးတစ်ပင်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသား ပြည်သူ ၂၂၅ ဦးတို့အား အရိုးအကြောရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ ဖျားနာရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ အာထရာဆောင်းစက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဇောဓိမဏ္ဍိုင် သီလရှင်စာသင်တိုက်ရှိ သာသနာ့နွယ်ဝင် သီလရှင်များအား အဆိုပါစာသင်တိုက်ရှိ ဓမ္မာရုံ၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေး အဖွဲ့များက သာသနာ့နွယ်ဝင် သီလရှင် ၁၁၅ ပါးအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သာသနာ့နွယ်ဝင် သီလရှင်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းဆောင်များအား စုပေါင်းရှင်းလင်း

မတ္တရာ မတ် ၂၁

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော ဘုရားစေတီများနှင့် ဘုန်းတော်ကြီးကျောင်းဆောင်များအား စုပေါင်းရှင်းလင်းဆောင်ရွက်လျက်ရှိရာ မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် မတ္တရာမြို့နယ် အမှတ်(၅)ရပ်ကွက်၊ ဇေယျာသန (မစိုးရိမ်တိုက်သစ်) ဘုန်းတော်ကြီးကျောင်းတွင် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ စုပေါင်းရှင်းလင်းရေး ဆောင်ရွက်ရာတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းမင်းလတ်၏ ဦးဆောင်မှုဖြင့် တပ်မတော်သားများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်း၍ ကျောင်းတိုက်အတွင်းရှိ ဘုရားစေတီများနှင့် ပြိုကျပျက်စီးနေသော ကျောင်းဆောင် အဟောင်းများကို ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။(အောက်ပုံ)ရွှေရာသား



## လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံရေဆေးပန်းချီသင်တန်း (၁/၂၀၂၆)ဖွင့်

လားရှိုး မတ် ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လာရှိုးခရိုင်ရုံးမှ ကြီးမှူး၍ အခြေခံရေဆေးပန်းချီသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို မတ် ၂၀ ရက်က လားရှိုးခရိုင်လူထုအခြေပြုဗဟိုဌာန (Community Centre) ရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးစိုင်းထွန်းနေလှိုင်က အခြေခံရေဆေးပန်းချီသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကို ဖွင့်လှစ်ခဲ့ရာ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးရဲနိုင်က အခြေခံရေဆေးပန်းချီ ရေးဆွဲနည်းကို ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်းပြောကြားပြီး အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၀ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။ **လူမော်(ပြန်/ဆက်)**

# တရုတ်-မြန်မာ စီးပွားရေးဆိုင်ရာ ချစ်ကြည်ရေးတိုးတက်စေရန် HEILONG JIANG General Chamber of Commerce in Myanmar နှင့် Meilian Myanmar Co.,Ltd. မှ ဦးစီးကျင်းပသည့် ကုန်စည်ပြပွဲပြုလုပ်






**မန္တလေး မတ် ၂၁**

တရုတ်-မြန်မာစီးပွားရေးဆိုင်ရာချစ်ကြည်ရေး တိုးတက်စေရန် HEILONG JIANG General Chamber Of Commerce in Myanmar နှင့် Meilian Myanmar Co..Ltd. မှ ဦးစီးကျင်းပသည့် ကုန်စည်ပြပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်အတွင်းရှိ မန္တလာသီရိအားကစားကွင်း (ဘက်စုံသုံးအားကစားကွင်းကြီး)တွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေ၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr. Zhong Wei ၊ HEILONG JIANG General Chamber Of Commerce in Myanmar နှင့် Meilian Myanmar Co.,Ltd. တို့မှ တာဝန်ရှိသူများ၊ ပြပွဲပြိုင်ပွဲတွင် ပါဝင်ပြသကြသော လုပ်ငန်းရှင်ကြီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ် Mr. Zhong Wei က တရုတ်-မြန်မာချစ်ကြည်ရေးနှင့် စီးပွားရေးပိုမိုတိုးတက်လာစေရန်၊ ကုန်စည်ပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီး၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ ဒုတိယကောင်စစ်ဝန်ချုပ်၊HEILONG JIANG General Chamber Of Commerce in Myanmar နှင့် Meilian Myanmar Co.,Ltd. တို့မှ တာဝန်ရှိသူများက ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီးနောက် ကုန်စည်ပြပွဲအတွင်း ခင်းကျင်းပြသထားရှိသော ဆိုလာစွမ်းအင်နှင့်ဆက်စပ်ပစ္စည်းများ၊ AC/DC အသုံးပြုရသည့် လယ်ယာစိုက်ပျိုးရေးသုံးစက်ပစ္စည်းများ၊ ဆောက်လုပ်ရေးပိုင်းဆိုင်ရာများ၊ လူသုံးကုန်ပစ္စည်းများ၊ Battery သုံး ဆိုင်ကယ်များကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် စွမ်းအင်သစ်၊ စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများကို အဓိကထားပြသပြီး ဆိုင်ခန်းပေါင်း ၅၀ ပါဝင်ပြသကာ ပြပွဲအား မတ် ၂၀ ရက်မှ မတ် ၂၂ရက်အထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေး ဟောပြောပွဲကျင်းပ

**မန္တလေး မတ် ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၇)၊ ၂၇ လမ်းနှင့် ၉၁ လမ်းထောင့်ရှိ ပုလိုင်းဓမ္မာရုံတွင် ယနေ့နံနက် ၉ နာရီခွဲက ကလေးပျော်စင်တာ (CFS)မှ အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း ကျား၊ မနှင့် စိတ်ပိုင်းဆိုင်ရာ (MHPSS) ကျန်းမာရေးအတွက် (Hygiene) တစ်ကိုယ်ရေသန့်ရှင်းမှု မြှင့်တင်ရေးအတွက် ဟောပြောပွဲကျင်းပပြုလုပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာနှင့် ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်မိခင်နှင့်ကလေးအဖွဲ့ဝင် ဒေါ်မျိုးမျိုးဝင်းတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ဟောပြောပွဲသို့ ရပ်ကွက်အတွင်းမှ ကလေးသူငယ် ၄၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၁)

## မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ တွေ့ဆုံပွဲ ကျင်းပ

**ဟိုပုံး မတ် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမ၌ ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့ဝင်များ၊ ဒေသ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)

ဝ-ဝ-ဝ-ဝ-ဝ





## မိတ္ထီလာမြို့၌ အခြေခံရှေးဦးပြုစုခြင်း ကြက်ခြေနီသင်တန်းဖွင့်လှစ်

**မိတ္ထီလာ မတ် ၂၁**

မိတ္ထီလာမြို့၌ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာန မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော အခြေခံရှေးဦးပြုစုခြင်းကြက်ခြေနီသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက အထက(၁)ခန်းမတွင် ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးနေဦးက သင်တန်းတွင် သင်ကြားပို့ချပေးမည့် အခြေခံရှေးဦးပြုစုခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးဝင်းလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားရာတွင် နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဖွင့်လှစ်ပို့ချသည့် သင်တန်းဖြစ်သောကြောင့် သင်တန်းမှပို့ချသည့် အခြေခံရှေးဦးပြုစုခြင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်တာကြာမြင့်မည်ဖြစ်ကာ သင်တန်းတွင် စာတွေ့လက်တွေ့အခြေခံရှေးဦးပြုစုခြင်းသင်ခန်းစာများကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၅၃)

စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

# အဝေးကို မြင်နိုင်ပါပြီ (ဖောင်တော်ဦး အခမဲ့မျက်စိဆေးခန်း)

"မျက်စိအဆုံး နားအရှုံး" ဆိုတဲ့စကား ရှေးရှေးက လူကြီးသူမများ ပြောဆိုစကားကြားဖူးခဲ့ပါရဲ့။ ငယ်ငယ်တုန်းကတော့ နားမလည်ခဲ့ပါ။ နောက်တော့လည်း အမှုမဲ့၊ အမှတ်မဲ့နဲ့ သတိမထားဖြစ်ခဲ့တော့ပါ။ အသက်ကြီးပိုင်းရောက်လာတော့ မျက်စိက မှုန်ဝါးဝါးဖြစ်လာပြီး စာဖတ်လို့မရတဲ့အခါ ပါဝါမျက်မှန်ကို ဆရာဝန်၏ ညွှန်ကြားချက်အရ လိုအပ်သလို အတိုးအလျှော့လုပ်ပြီးမှ စာကို ကောင်းစွာ ဖတ်နိုင်တဲ့ဘဝမျိုး၊ တစ်ခါ ခပ်ဝေးဝေးကိုပါ မမြင်ရတော့ဘူးဆိုတဲ့အခါ ဪ…မျက်စိမမြင်ရင် ဘဝဆုံးသလိုပါလား လို့ ကိုယ်တွေ့သိလာတော့မှ ရှေးလူကြီးသူမများ ပြောခဲ့တဲ့စကားကို ပြန်သတိရလာပါတော့တယ်။ ကျွန်တော့်အသက် ၇၆ နှစ်ပါ။ အမြင်အာရုံမကောင်းလို့ မျက်စိဆေးခန်းတွေ ပြဖို့ဆိုတော့လည်း မျက်စိဆေးခန်းကြီးတွေမှာ ကုသနိုင်လောက်တဲ့ ငွေကြေး မပြည့်စုံသူပါ။ သည်တော့လည်း သည်အတိုင်းပဲ မေ့နေခဲ့ရတယ်။

တစ်နေ့မှာ စာပေအသိုင်းအဝိုင်းက မိတ်ဆွေတစ်ဦးရဲ့ သတင်းစကားပေးမှုကြောင့် ဖောင်တော်ဦး ပရဟိတအခမဲ့ဆေးခန်းကို ပြသဖို့ ရောက်ရှိခဲ့ပါတယ်။

**မျက်စိဆေးခန်းလူနာကြည့်ရက်မှာ**

**အင်္ဂါနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ**

**ဗုဒ္ဓဟူးနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ**

**သောကြာနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ**

**စနေနေ့ နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ ဖြစ်ပြီး**

**တနင်္ဂနွေနေ့မှာတော့ ပိတ်ပါတယ်။**

ဗုဒ္ဓဟူးနေ့မှာ နံနက် ၆ နာရီကတည်းက ကျွန်တော်ဆေးခန်းကို ရောက်နှင့်နေပါတယ်။ ဆေးခန်းမဖွင့်ခင် အပြင်မှာ လူဦးရေ ၁၅၊ ၂၀ ဦးလောက် ရောက်နှင့်နေပါတယ်။ နံနက်စောစောမှာပဲ ဘုန်းတော်ကြီးတစ်ပါးနှင့် အရံဘုန်းတော်ကြီးများ လျှောက်လာပါတယ်။ သက်တော်ကြီးပြီဖြစ်သော ဘုန်းတော်ကြီးမှာ တောင်ဝှေးကို ကိုင်လျက် ဘေးက ဘုန်းတော်ကြီးများကတော့ ဖေးကူတွဲလျက် လူနာများရှိရာ (မျက်စိပြမယ့်သူ)ကို လျှောက်လာပါတယ်။ ပြီးတော့ နှုတ်မှလည်း "ဒကာ၊ ဒကာမတို့ မျက်စိပြကြမလို့လား" "ဖောင်တော်ဦးဆေးခန်းမှာ မျက်စိပြရင် ပိုက်ဆံပေးစရာ မလိုဘူး ဘယ်သူမှလည်း ပေးစရာမလိုဘူး" လို့ မိန့်ပြီး ပြန်ကြွသွားပါတယ်။

ဆေးခန်းဖွင့်တဲ့အချိန်မှာတော့ တာဝန်ကျသူများ၊ ဆေးခန်းဝန်ထမ်းများနဲ့ သက်ဆိုင်ရာ ဆရာ၊ ဆရာမများက တစ်ဦးချင်း အမည်ခေါ်ခြင်း၊ စာအုပ်စာရင်းသွင်းခြင်း၊ ပြီးလျှင် လိုအပ်သလို အဆင့်ဆင့် စစ်ဆေးကြပါတော့တယ်။ ဆီးချို၊ သွေးတိုး ရှိ၊ မရှိ၊ နံရံမှာ ထောင်ထားသော ကတ်ပြားမှ ရေးသားထားသော A, B, C, D အကြီးမှ အသေးများကိုလည်းကောင်း၊ က၊ ခ၊ ဂ၊ ဃ၊ င အကြီးမှ အသေးများကိုလည်းကောင်း၊ မြင်မှု၊ မမြင်မှုအပေါ် မူတည်ပြီး သတ်မှတ်စစ်ဆေးပေးကြပါတယ်။ ကွန်ပျူတာနှင့် နဖူးကပ်-မေးတင်ကြည့်ရသော ကိရိယာပေါ်မှာ လိုအပ်သလို ကြည့်ရှုစစ်ဆေးတိုင်းတာမှုများ ပြုလုပ်ပေးကြပါတယ်။ အဲ့ဒီနေ့မှာ လိုအပ်တဲ့ စစ်ဆေးစမ်းသပ်မှုများ ပြီးဆုံးသွားသူများ၊ မျက်စိခွဲရန် လိုအပ်သူများကို နောက်နေ့ နံနက် ၇ နာရီခွဲမှာ ပြန်ချိန်းလိုက်ပါတယ်။ တနင်္လာ နံနက်ရောက်တော့ ချိန်းထားသူများကို စာရင်းသွင်းပြီး ပထမဆုံး သွေးစစ်ပါတယ်။ သွေးတိုး၊ ဆီးချို ရှိ၊ မရှိ ထပ်ပြီး မေးမြန်းပါတယ်။ သွေးကျဆေး ပုံမှန်သောက်ရသူတွေကိုလည်း သေချာစစ်ဆေးပါတယ်။ သွေးပေါင်ချိန်ခြင်းများလည်း ပြုလုပ်ပေးပါတယ်။ ပြီးလျှင်တော့ မျက်စိကုသမယ့်အခန်းကို ခေါ်သွားပြီး ပထမဆုံးခွဲရမယ့်မျက်လုံးကို သန့်စင်ဆေးကြောပြီး လိုအပ်တဲ့ဆေးဝါးများနဲ့ မျက်လုံးကို ဆေးထိုးတယ်ထင်ပါတယ်။ မျက်လုံးတည့်တည့် လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး လိုအပ်တာတွေ လုပ်ပါတယ်။ ပြီးလျှင် မျက်စိကို ဂွမ်းနဲ့အုပ်ပြီး ခေါင်းကိုပါ ပတ်တီးတစ်မျိုးနဲ့ ပတ်လိုက်ပါတယ်။ ပြီးလျှင်တော့ ဆရာဝန်ခေါ်တာကို စောင့်ကြရပါတယ်။

လူနာမှတ်တမ်းစာအုပ် စာရင်းသွင်းတာမှအစ လုပ်ငန်းအလိုက် ဆောင်ရွက်ပေးကြသော ဆရာ၊ ဆရာမများမှာ စိတ်ရှည်စွာ သဘောကောင်းစွာ ပျူပျူငှာငှာ၊ နွေးနွေးထွေးထွေး ဆက်ဆံကြသဖြင့် ရပ်နီးရပ်ဝေး လူနာများအားလုံး စိတ်ချမ်းသာကြရပါတယ်။

ဆရာမတစ်ဦးကဆိုလျှင် လူနာစောင့်များ လိုက်နာရမည့် လုပ်ငန်းများ၊ လူနာကို စောင့်ရှောက်ပုံ၊ စောင့်ရှောက်နည်းများ၊ လူနာကိုယ်တိုင် စနစ်တကျ လိုက်နာရမည့်အချက်အလက်များကို နာရီဝက်မျှမက စိတ်ရှည်လက်ရှည် ရှင်းပြနေတာ နားထောင်ရင်းနဲ့ အားတောင် နာမိပါတယ်။ ဒီမှာ ပြောစရာတစ်ခု ကိုယ်တွေ့လေးတစ်ခုကို မျှဝေချင်ပါတယ်။ မျက်စိကို ပတ်တီးစည်းပြီး စောင့်နေရချိန် လူနာထဲက အမျိုးသမီးကြီးတစ်ဦးက ပိုက်ဆံအိတ်ထဲမှ ထုတ်ပြီး ပိုက်ဆံငါးထောင်တန် တော်တော်များများကို ကိုင်ပြီးတော့ အလှူခံပုံးရှိတဲ့ စားပွဲကိုသွား၊ ပိုက်ဆံတွေကို ထည့်မယ်လို့ လုပ်တဲ့အခါ ဆရာမတစ်ဦးက ပြောတဲ့စကားက အင်မတန် ကြည်နူးရပါတယ်။

"ပိုက်ဆံကို မထည့်ခဲ့ပါနဲ့ဦး" တဲ့

"မျက်စိက ခွဲလို့ ရ၊ မရ မသေချာသေးပါဘူး" တဲ့ "အကယ်၍ ခွဲလို့မရဘူးဆိုရင် ဒီငွေကို တခြားသုံးစရာမှာ သုံးလို့ရမှာပါ" တဲ့ အကယ်၍ ခွဲစိတ်လို့ရတယ်ဆိုရင်တော့ စိတ်အလိုရှိသမျှ လှူလို့ရပါတယ်တဲ့ဗျာ။

နောက်တော့ခွဲမယ့်လူတွေ အလှည့်ကျခေါ်ပြီး ဆရာ၊ ဆရာမတွေ ဂရုတစိုက် ခွဲပေးကြပါတယ်။ ကျွန်တော့်အလှည့်မှာတော့ ဆရာမက မျက်စိခွဲတာ မနာတဲ့အကြောင်း၊ စိုးရိမ်စရာမရှိတဲ့အကြောင်းနဲ့ ဆရာဝန်ခွဲစိတ်နေတုန်းမှာ ဆရာရဲ့ညွှန်ကြားမှုကို သေချာလိုက်နာပေးဖို့ ဥပမာ-မျက်စိခွဲတဲ့အချိန် စိတ်ကို အေးအေးထားဖို့ အသက်မှန်မှန် ရှူပြီး ခေါင်းကို ငြိမ်ငြိမ်ထားဖို့ ခေါင်းကို ကြွတာ၊ ယမ်းတာတွေ မလုပ်ဖို့ ခွဲရစိတ်ရတဲ့ အချိန်လေးမှာ ခေါင်းငြိမ်မှ လုပ်ကိုင်ရတာ အဆင်ပြေပြီး ရလဒ်ကောင်းတွေ ဖြစ်လာမှာဖြစ်ကြောင်း၊ ဖြည်းဖြည်းချင်း ရှင်းပြပြောဆိုပါတယ်။ ခွဲစိတ်ပြီးတဲ့အခါမှာလည်း ကျန်တဲ့ဆေးဝန်ထမ်းများက ညင်သာစွာ ကူတွဲပြီး ခုတင်ပေါ်မှာ ခေတ္တလှဲနေစေပါတယ်။ မူးတာ၊ မောတာတွေ မရှိတော့မှ လူနာနဲ့အတူ ပါလာသူကို တွဲခေါ်စေပြီး လိုအပ်တဲ့ သောက်ဆေး၊ မျက်စဉ်းဆေးဘူး၊ နေကာမျက်မှန်တွေကို ပေးအပ်ပြီး ချောင်းဆိုးစာမစားဖို့၊ ချောင်းမဆိုးအောင်နေဖို့၊ အောက်ကို မငုံ့ဖို့၊ အလေးအပင် မ,မဖို့၊ ရေမစိုစေဖို့၊ ညှော်မခံမိဖို့။ ခွဲထားတဲ့ဘက်ကို စောင်းမအိပ်ဖို့၊ ပတ်တီးစည်းထားတာ မခွာဖို့ စသည်ဖြင့် လိုက်နာရန်၊ ဆောင်ရန်၊ ရှောင်ရန်များကို စိတ်ရှည်စွာ ပြောကြားပေးပါတယ်။ ခွဲပြီးနောက်နေ့ကို ပြန်ချိန်းတော့ ချိန်းတဲ့အချိန် စောစောရောက်အောင် သွားရပါတယ်။ သက်ဆိုင်ရာဆရာက မျက်လုံးမှာ အုပ်ထားတဲ့ ကော်အအုပ်ကို ဖြည်းဖြည်းခွာပြီး အခြေအနေမေးမြန်းပါတယ်။ ဆေးစာအုပ်မှာလည်း ဘယ်နေ့၊ ဘယ်ရက်ကို ညွှန်ကြားတဲ့ဆေးခန်းမှာ ပြသဖို့နဲ့ လိုအပ်တဲ့ မျက်စဉ်းတစ်ဘူး ပေးလိုက်ပါတယ်။ ကျွန်တော်၏ မျက်စိသည် ခွဲစိတ်ကုသပြီးသည့်နောက်တွင် မျက်မှန်မပါဘဲနှင့် စာဖတ်လို့ရသည့်အပြင် ကြည်တောက်ရှင်း၊ အဝေးကိုလည်း မြင်နိုင်ခဲ့ပါပြီ။ ကျွန်တော်လည်း တတ်နိုင်သမျှ အလှူငွေထည့်ဝင်ခဲ့ပါတယ်။ ကိုယ်တတ်နိုင်လျှင် အလှူငွေထည့်ရုံမျှ အပ (ငွေမကုန်ပါ)။

အခုလို အစစအရာရာ ကျပ်တည်းပြီး ခြိုးခြံချွေတာနေရတဲ့ ဆင်းရဲသားအများစု မျက်စိဝေဒနာရှင်များရဲ့ အားထားရာ အားကိုးရာဖြစ်သော ဖောင်တော်ဦး ပရဟိတအခမဲ့မျက်စိဆေးခန်းမှ တာဝန်ရှိသူ၊ အုပ်ချုပ်သူ၊ ကြီးကြပ်သူများနှင့်တကွ အလှူရှင်များစွာကို အထူးကျေးဇူးတင်ရှိကြောင်းပါခင်ဗျာ။

ကျွန်တော့်ကို အစအဆုံး ကိုယ်တိုင်ကိုယ်ကျ ကူညီပေးသော ဆရာပန်းသပြေနှင့် ဆရာစိုးဝင်း (ဆ·သ·ရ )တို့ကို အထူးကျေးဇူးတင်ပါတယ်။

**မြခြူးအိမ် (ကိုလေး)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၂၁**

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာနတွင် မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲနှင့် နံရံကပ်စာစောင် ပြပွဲကျင်းပခဲ့သည်။ **(အောက်ပုံ)**



လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ဟောပြောပွဲများကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက "လူငယ်နှင့်ပညာရေး"၊ "လူငယ်နှင့်စာရိတ္တ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသောကလေးလူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

## မိုင်းယောင်းမြို့၌ တံမြက်စည်းချော ပြုလုပ်ရောင်းချသူများ အဆင်ပြေ

**မိုင်းယောင်း မတ် ၂၁**

မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးမြို့ဖြစ်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ယခုအခါ တံမြက်စည်းချော ပြုလုပ်ရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

တောတောင်များတွင် သဘာဝအတိုင်း အလေ့ကျပေါက်ရောက်နေသည့် တံမြက်စည်းပင်သည် တပို့တွဲ၊ တပေါင်းလတွင် တံမြက်စည်းဆံများ ထွက်လာပြီး အဆိုပါထွက်ပေါ်လာသည့် တံမြက်စည်းအဆံများကို တံမြက်စည်းချောပြုလုပ်ရန် ရှာဖွေဖြတ်ယူပြီး နေလှန်းအပွင့်ခြွေ၍ အရွယ်အစားခွဲခြားခြင်း၊ အရိုးတံချွန်ခြင်း၊ အပြားယှက်ခြင်း၊ လက်ကိုင်ရိုးကြိုးချည်ခြင်းများကို အဆင့်ဆင့်ပြုလုပ်ကာ တံမြက်စည်းချော ပြုလုပ်ကြောင်း၊ ထိုသို့ အဆင့်ဆင့်ပြုလုပ်ပြီး ရရှိလာသည့် တံမြက်စည်းချော တစ်လက်လျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ အထိ ဈေးရရှိသဖြင့် တံမြက်စည်းချော ရောင်းချသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**



**နန်းစီဖောင်း(ပြန်/ဆက်)**

## တရုတ်စမတ်ဖုန်းနှင့် လျှပ်စစ်ကားကုမ္ပဏီကြီးဖြစ်သော ရှောင်မီ ဉာဏ်ရည်တုနည်းပညာတွင် ယွမ်ဘီလီယံ ၆၀ ရင်းနှီးမြှုပ်နှံမည်



**ပေကျင်း မတ် ၂၁**

တရုတ်စမတ်ဖုန်းနှင့် လျှပ်စစ်ကားကုမ္ပဏီကြီးဖြစ်သော ရှောင်မီသည် လာမည့်သုံးနှစ်အတွင်း ဉာဏ်ရည်တုနည်းပညာတွင် အနည်းဆုံး ယွမ်ဘီလီယံ ၆၀ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၀ ဘီလီယံ) ရင်းနှီးမြှုပ်နှံသွားမည်ဟု အမှုဆောင်အရာရှိချုပ် လေဂျွန်က ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါထုတ်ပြန်ချက်သည် ယခင်အပတ်က အမည်မဖော်ဘဲ အိုးပန်းရောက်တာသို့ စတင်တင်ပြခဲ့သည့် ၄င်းတို့၏ စံပြအေအိုင်မော်ဒယ်အသစ်ဖြစ်သော မီမိုဗွီ ၂ ပရိုကို တရားဝင်မိတ်ဆက်ပြီးနောက် တစ်ရက်အကြာတွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းမော်ဒယ်သည် အေအိုင်ဂိတ်ဝေးပလက်ဖောင်း၏ ထိပ်တန်းစာရင်းတွင် လျင်မြန်စွာ တက်လှမ်းနိုင်ခဲ့ပြီး လက်ရှိအချိန်အထိ ဒေတာယူနစ်ပေါင်း ၁ ဒသမ ၅ ထရီလီယံကျော်ကို လုပ်ဆောင်ပေးနိုင်ခဲ့သည့်အတွက် ကမ္ဘာတစ်ဝန်းရှိ ဆော့ဖ်ဝဲရေးဆွဲသူများ၏ လက်ခံအားပေးမှုကို ရရှိထားသည့် လက္ခဏာဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ပေကျင်းမြို့တွင် ကျင်းပသည့် ကုမ္ပဏီအခမ်းအနား၌ လေဂျွန်က ယင်းထုတ်ကုန်၏ ကမ္ဘာလုံးဆိုင်ရာ လက်ခံမှုကို အလေးပေးပြောကြားခဲ့ပြီး ယင်းစနစ်မှာ လျင်မြန်စွာ တိုးတက်လာမည်ဖြစ်ကြောင်းနှင့် ယခုနှစ်အတွက် ရှောင်မီ၏ အေအိုင်သုတေသနအသုံးစရိတ်သည် ယခင်က ကြေညာထားသည့် ယွမ် ၁၆ ဘီလီယံထက် ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ အိပ်စက်ခြင်းဆိုင်ရာပြိုင်ပွဲတွင် အမြန်ဆုံး အိပ်ပျော်သည့် ပြိုင်ပွဲဝင် ယွမ် ၂၀၀၀ ရရှိနိုင်

**ပေကျင်း မတ် ၂၁**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် အိပ်စက်ခြင်းဆိုင်ရာ ပြိုင်ပွဲကို ဧပြီ ၂၆ ရက်အထိ စနေနေ့တိုင်း နံနက် ၉ နာရီမှ ည ၇ နာရီ မိနစ် ၂၀ အထိ ပုံမှန်ကျင်းပသွားမည်ဖြစ်ပြီး မေ ၂ ရက်နှင့် ၃ ရက်များတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြိုင်ပွဲဝင်များ၏ အိပ်စက်မှုအခြေအနေကို ကျွမ်းကျင်အဆင့် အိပ်စက်မှုစောင့်ကြည့်စစ်ဆေးရေး ကိရိယာများဖြင့် မှတ်တမ်းတင်သွားမည်ဖြစ်ပြီး တစ်ဦးချင်းစီ၏ အိပ်စက်မှုအရည်အသွေးကို ဘက်စုံအကဲဖြတ်ကာ အနိုင်ရရှိသူများကို ဆုံးဖြတ်မည်ဖြစ်သည်။

အချက်အလက်ဆိုင်ရာ တိုင်းတာမှုများတွင် အိပ်ပျော်ရန် ကြာမြင့်ချိန်၊ စုစုပေါင်း အိပ်စက်ချိန်၊ နှစ်ခြိုက်စွာအိပ်ပျော်မှု ရာခိုင်နှုန်းနှင့် အိပ်စက်မှု အဆက်မပြတ်ဖြစ်မှုတို့ ပါဝင်သည်။

အဆိုပါ စောင့်ကြည့်စစ်ဆေးရေး ကိရိယာများသည် ပြိုင်ပွဲဝင်များ၏ နှလုံးခုန်နှုန်း၊ အိပ်စက်ချိန်နှင့် အခြားအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စုဆောင်းသွားမည်ဖြစ်ပြီး ယင်းအချက်အလက်များကို ပြိုင်ပွဲကျင်းပရာနေရာရှိ မျက်နှာပြင်အကြီးတွင် တစ်ပြိုင်နက်တည်း ပြသသွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ထုတ်ဖော်ပြောကြားသည်။

ပြိုင်ပွဲတစ်ခုချင်းစီတွင် အိပ်စက်မှုရမှတ် အမြင့်ဆုံးရရှိသည့် ပြိုင်ပွဲဝင်သည် ဆုကြေးငွေ ယွမ် ၃၀၀၀ (အမေရိကန်ဒေါ်လာ ၄၃၅) ရရှိနိုင်မည်ဖြစ်ပြီး အမြန်ဆုံးအိပ်ပျော်သွားသည့် ပြိုင်ပွဲဝင်သည် ယွမ် ၂၀၀၀ ရရှိနိုင်ကြောင်း သိရသည်။

Mon



## အီရန်နိုင်ငံ၌ ပါရှန်းနှစ်သစ်ကူး နောင်ရုဇ်ပွဲတော်ကို ပေါက်ကွဲသံများကြားတွင် ကျင်းပနေရသည်ဟု ဆို

**တီဟီရန် မတ် ၂၁**

အိမ်နီးချင်း အီရတ်နိုင်ငံ၏ ကျူးကျော်ဝင်ရောက်မှုကြောင့် ရှစ်နှစ်ကြာစစ်ပွဲဖြစ်ပွားခဲ့သည့် ၁၉၈၀ ပြည့်လွန်နှစ်များနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အီရန်နိုင်ငံသည် ပါရှန်းနှစ်သစ်ကူး နောင်ရုဇ်ပွဲတော်ကို ပေါက်ကွဲသံများကြားတွင် ကျင်းပနေရကြောင်း သိရသည်။

လာမည့်ရက်များတွင် ကျင်းပမည့် ပွဲတော်ကာလမတိုင်မီ တီဟီရန်မြို့နှင့် တစ်နိုင်ငံလုံးရှိ ဒေသန္တရဈေးများ၊ ဆိုင်များတွင် ပန်းများဝယ်ယူရန်နှင့် နှုတ်ခွန်းဆက်သရန်အတွက် လူများ တန်းစီစောင့်ဆိုင်းလျက်ရှိကြသည်။

ညအချိန်နှင့် နေ့ဘက်အချိန်ပိုင်းများတွင် အမေရိကန်နှင့် အစ္စရေးတိုက်လေယာဉ်များ၏ ပြင်းထန်သော ဗုံးကြဲတိုက်ခိုက်မှုများရှိနေသော်လည်း ပြည်သူများသည် ပွဲတော်အတွက် ပြင်ဆင်ကြသည်။

အီရန်ပြည်သူများအတွက် အသစ်တစ်ဖန် ပြန်လည်စတင်ခြင်းကို ကိုယ်စားပြုသည့် နှစ်သစ်ကူးနွေဦးကာလ နေ့နှင့်ည အချိန်အညီအမျှဖြစ်သော အခိုက်အတန့်တွင် လူအများအပြားသည် မိသားစုဝင်များ၊ ချစ်ခင်ရသူများနှင့်အတူ အိမ်၌ ရှိနေကြသည်။

ယခုနှစ် အဆိုပါနှစ်သစ်ကူးကာလသည် ဒေသစံတော်ချိန် သောကြာနေ့ ညနေ ၆ နာရီ ၁၅ မိနစ် ၅၉ စက္ကန့်တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

Mon



## ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်ကို (၁၄) ကြိမ်မြောက် ရွေးခံရ

**စင်ကာပူ မတ် ၂၁**

စင်ကာပူနိုင်ငံ၏ ချန်ဂီလေဆိပ်သည် ကမ္ဘာ့လေဆိပ်ဆုပေးပွဲ အခမ်းအနားတွင် ၂၀၂၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် (၁၄) ကြိမ်မြောက် ရွေးချယ်ခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါအခမ်းအနားကို ယူကေအခြေစိုက် အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေး သုတေသနအဖွဲ့အစည်းဖြစ်သော စကိုင်းထရက်စ်က လန်ဒန်မြို့တွင် ကျင်းပခဲ့ပြီး ချန်ဂီလေဆိပ်အုပ်စု၏ အမှုဆောင်အရာရှိချုပ် ယမ်ကွန်ဝန်းက ဆုလက်ခံရယူခဲ့သည်။

ချန်ဂီလေဆိပ်သည် ၂၀၂၅ ခုနှစ်တွင်လည်း ဆုရရှိခဲ့သဖြင့် ယခုအကြိမ်သည် ဒုတိယနှစ်ဆက်တိုက် ဆုရရှိခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင်မူ ဒိုဟာမြို့ရှိ ဟာမတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ နောက်တွင် ဒုတိယနေရာ၌ ရပ်တည်ခဲ့သော်လည်း ဟာမတ်လေဆိပ်သည် ယခုနှစ်တွင် ဆုပေးပွဲမှ နုတ်ထွက်သွားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသရှိ ခရီးသွားလာမှုကို ထိခိုက်စေသည့် ဒေသတွင်းတင်းမာမှုများနှင့် လေပိုင်နက်ကန့်သတ်ချက်များကြောင့် ယခုကဲ့သို့ နုတ်ထွက်ရခြင်းဖြစ်ကြောင်း သိရသည်။

Mon

STOP AIDS

## နာမည်ကျော် ဟောလိဝုဒ်အက်ရှင်မင်းသား ချပ်ခ်နောရစ် အသက် ၈၆ နှစ်အရွယ်တွင် ကွယ်လွန်

**ဝါရှင်တန် မတ် ၂၁**

အသက် ၈၆ နှစ်အရွယ်တွင် ယမန်နေ့က ကွယ်လွန်သွားပြီဖြစ်သော အမေရိကန်ကိုယ်ခံပညာရှင်နှင့် ဟောလိဝုဒ်အက်ရှင်မင်းသား ချပ်ခ်နောရစ်အတွက် ကမ္ဘာတစ်ဝန်းမှ ဝမ်းနည်းကြောင်းသဝဏ်လွှာများ ပေးပို့လျက်ရှိကြောင်း သိရသည်။

၄င်းသည် စစ်သည်တော်တစ်ဦးကဲ့သို့ ရုပ်ပိုင်းဆိုင်ရာကြမ်းတမ်းသော်လည်း နှလုံးသားမှာမူ မေတ္တာတရားနှင့် ပြည့်ဝသူဖြစ်သည်ဟု သမီးဖြစ်သူ ဒန်နီလီနောရစ်က ပြောကြားသည်။

နောရစ်နှင့်အတူ သရုပ်ဆောင်ခဲ့သည့် ဆွီဒင်မင်းသားနှင့် ကိုယ်ခံပညာရှင် ဒေါ့ဖ်လန်းဂရင်းက ၄င်းအား စံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် အမြဲတမ်းလေးစားခဲ့ကြောင်း ပြောကြားခဲ့သလို ၄င်းသည် ဘက်ပေါင်းစုံမှကြည့်လျှင် စံပြအမေရိကန်နိုင်ငံသားတစ်ဦးဖြစ်သည်ဟု အမေရိကန်မင်းသားဆီလ်ဗက်စတာစတာလုံးကလည်း ချီးကျူးပြောဆိုသည်။

ချပ်ခ်နောရစ်သည် ၁၉၉၀ ပြည့်လွန်နှစ်များက ထွက်ရှိခဲ့သည့် အက်ရှင်မှုခင်းဇာတ်လမ်းတွဲဖြစ်သော Walker, Texas Ranger နှင့် ၁၉၇၂ ခုနှစ်တွင် ကိုယ်ခံပညာရှင် ရုပ်ရှင်စူပါစတား ဘရုစ်လီနှင့်အတူ ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သည့် The Way of the Dragon ရုပ်ရှင်တို့ဖြင့် ကျော်ကြားခဲ့ကြောင်း သိရသည်။

Mon

## အာဏာပိုင်များ သတိပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးမှုမရှိခဲ့သော်လည်း ပြင်းထန်သော ရေကြီးမှုများဖြစ်ပွားနိုင်

**ကင်ဘာရာ မတ် ၂၁**

ဩစတြေးလျနိုင်ငံတွင် အဆိုးရွားဆုံးဖြစ်လာနိုင်သည်ဟု အာဏာပိုင်များ သတိပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်းသည် စိုးရိမ်ခဲ့သလောက် ပျက်စီးမှုမရှိခဲ့သော်လည်း ပြင်းထန်သော ရေကြီးမှုများ ဖြစ်ပွားလာနိုင်သည့်အပေါ် စိုးရိမ်မှုများရှိနေဆဲဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း နာရဲလ်သည် ကွင်းစလန်းပြည်နယ်မြောက်ပိုင်းရှိ ကိပ်ယော့ခ်အရှေ့ဘက်ကမ်းခြေသို့ တစ်နာရီလျှင် ကီလိုမီတာ ၂၂၀ (၁၃၇ မိုင်) နှုန်းဖြင့် ပြင်းထန်စွာ ဖြတ်ကျော်ဝင်ရောက်ခဲ့သော်လည်း ယခုအခါ အဆင့် ၄ မှ အဆင့် ၃ သို့ အားပျော့သွားပြီဖြစ်သည်ဟု မိုးလေဝသဌာနက ထုတ်ပြန်ကြေညာသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် သီတင်းပတ်နှောင်းပိုင်းတွင် မြောက်ပိုင်းနယ်မြေသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသဖြင့် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ကွင်းစလန်းပြည်နယ်မြောက်ပိုင်း အချို့ဒေသများတွင် မိုးရေချိန် ၅၀ မီလီမီတာအထိ ရွာသွန်းနိုင်ကာ ပြင်းထန်သော ရေကြီးမှုများ ဖြစ်ပေါ်လာနိုင်သည်ဟု ခန့်မှန်းရကြောင်း သိရသည်။

Mon



## ကျိုင်းတုံမြို့နယ်တွင် ဘိန်းစိမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ မတ် ၁၇ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ကျိုင်းတုံမြို့နယ်၊ ကျိုင်းဖောင်းကျေးရွာအနီးတွင် အပေါ ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ခွကြားတွင် သယ်ဆောင်လာသော ဆာလာအိတ်များအတွင်းမှ ဘိန်းစိမ်း အလေးချိန် ၄၀ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အပေါ(၃၅)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်၊ အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ကိုရံတောင်ကျေးရွာတွင် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်

**မြို့သစ် မတ် ၂၁**

ယခုအချိန်အခါသည် ပွင့်လင်းရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်မီးသတ်ဦးစီးဌာနမှ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲပိုင်းက မြို့သစ်မြို့နယ်၊နဘဲကုန်းကျေးရွာအုပ်စု၊ ကိုရံတောင်ကျေးရွာတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြဓာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ထိုသို့ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဝေလင်းကျော်က ကျေးရွာအတွင်း မီးဘေးလုံခြုံရေး၊Fire Hotspot များ မဖြစ်ပေါ်စေရေးအသိပညာပေးခြင်း၊ 191 report mobile phone application အသုံးပြု၍ မီးသတ်ဦးစီးဌာနသို့ သတင်းပေးပို့ခြင်း၊ နည်းပညာဖြန့်ဝေခြင်း၊ အိမ်တိုင်းမီးသတ်ဆေးဘူးများ ဆောင်ထားရန် စည်းရုံးဟောပြောခြင်း၊ အရေးပေါ်ချိန်များတွင် အသုံးပြုနိုင်စေရန် ရေစုပ်စက်(ဒိုင်းရှင်းစက်)များ အသင့်ထားရှိစေရေး၊ မီးလောင်မှု၊ မီးလန့်မှုများ ဖြစ်ပေါ်လာပါက မီးသတ်ပစ္စည်းကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်စေရန်အတွက် မီးသတ်ပညာသင်ခန်းစာများအား အခြေခံသင်ကြားပေးခြင်းများ ဆောင်ရွက်ပြီး မီးသတ်ယာဉ်အသုံးပြု၍ လက်တွေ့ရေပက်ဖျန်းခြင်းများကို သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လာရှိုးမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရသက်သေများနှင့်အတူ မတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲက လာရှိုးမြို့၊ ရပ်ကွက်(၅)၊ ၄၆ လမ်းနေ ရီဆိုက် ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၊ ဘိန်းဖြူအလေးချိန် ၂၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရီဆိုက်(၅၇)နှစ်ဆိုသူအား လာရှိုးမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*- *- *- *- *



## လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၂၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ဒက္ခိဏသီရိမြို့နယ်၊ စီလမ်းဆုံပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဒက္ခိဏသီရိမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်မြို့မှ နေပြည်တော်ဘက်သို့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ တံတားဦးရပ်ကွက်နေ ဦးရဲမင်း(၄၃)နှစ် ဆိုသူ မောင်းနှင်လာသည့် MITSUBISHI PAJERO မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရဲမင်း ဆိုသူအား ဒက္ခိဏသီရိမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီ မိနစ် ၅၀တွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် လားရှိုးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊အထက်မန်အိုင်လမ်းအရောက်၌ အဆိုပါရပ်ကွက်နေ မေနှင်းထွေး(၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA INSIGHT မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မေနှင်းထွေး ဆိုသူအား လားရှိုးမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။ **(အောက်ပုံ)**

ထို့အတူ မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မြစ်ကြီးနားမြို့နယ်၊ပိတောက်မြိုင်ကျေးရွာနေ မဂျာမွန်းပန်(၂၉)နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များထားရှိကာ အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရသွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ခြံဝင်းအတွင်း၌ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ HONDA FIT မော်တော်ယာဉ်နှစ်စီး၊ GRANDIS မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဂျာမွန်းပန် ဆိုသူအား ပလနနယ်မြေရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် လည်းကောင်း။

ထို့အတူ ည ၇ နာရီခွဲတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မြစ်ကြီးနားမြို့နယ်၊ စီတာပူရပ်ကွက်နေ ကိုဇယ်ပေါင်း(၂၃)နှစ်ဆိုသူ၏ နေအိမ်ခြံဝင်းအတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်များထားရှိကာ အရောင်းအဝယ်ပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါခြံဝင်းအတွင်း၌ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA ALPHARD မော်တော်ယာဉ်တစ်စီး၊ TOYOTA CROWN မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဇယ်ပေါင်း ဆိုသူအား မြစ်ကြီးနားမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မြင်းခြံမြို့ အမှတ်(၁၃)ရပ်ကွက်၌ မီးအားမြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**မြင်းခြံ မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်၌ မတ် ၂၀ ရက် နံနက် ၃ နာရီခွဲက မီးအား မြှင့်စက်အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြင်းခြံမြို့၊အမှတ်(၁၃)ရပ်ကွက်ရှိ ဒေါ်နှင်းဦးဆွေ ဆိုသူ ပိုင်ဆိုင်သော (၂၄ ပေ× ၂၄ပေ) သွပ်မိုးထရံကာ ပျဉ်ခင်းနှစ်ထပ်လူနေအိမ်ရှိ ရေခဲသေတ္တာနှင့် ချိတ်ဆက်အသုံးပြုသော မီးအားမြှင့်စက် အပူလွန်ကဲရာမှ အနီးရှိ ထရံသို့ ကူးစက်လောင်ကျွမ်းခဲ့သည်။ အဆိုပါမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနေအိမ်ခြောက်လုံးနှင့် လူနေအိမ်အပေါ်ထပ် တစ်ထပ် မီးလောင်ဆုံးရှုံးခဲ့သည်။



မီးလောင်မှုဖြစ်ပွားရာသို့ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။

အဆိုပါ မီးလောင်မှုကြောင့် မြင်းခြံမြို့၊ အမှတ်(၁၃)ရပ်ကွက်ရှိ ဒေါ်နှင်းဦးဆွေ ဆိုသူအား မြင်းခြံမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(ဝဲပုံ)**

**ချစ်ဦးနွေ(မြင်းခြံ)**

# လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိ

လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများအား ဖမ်းဆီးရမိစဉ်။



ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦး။



တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦး။





တရုတ်နိုင်ငံသား အမျိုးသား ၂၆ ဦး မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင် ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာအနီးတစ်ဝိုက်၌ နယ်မြေရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်စဉ် မတ် ၂၀ ရက် ညနေပိုင်းက အဆိုပါကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လဲချားမြို့နယ် ကောင်းစံကျေးရွာအနီးတစ်ဝိုက်အား နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ် မတ် ၂၀ ရက် ည ၉ နာရီခွဲခန့်တွင် ပထမဖမ်းဆီးရမိသည့်နေရာ၏ အနောက်ဘက် မီတာ ၁၇၀၀ ခန့်အကွာသို့အရောက်၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူ တရုတ်နိုင်ငံသား အမျိုးသား ၂၃ ဦးနှင့် ဗီယက်နမ်နိုင်ငံသား အမျိုးသမီး တစ်ဦးတို့အားလည်းကောင်း၊ ဒုတိယဖမ်းဆီးရမိနေရာ၏မြောက်ဘက်မီတာ ၁၁၀၀ ခန့်အကွာသို့အရောက်၌ တရုတ်နိုင်ငံသား ၂၆ ဦးတို့အား လည်းကောင်းအသီးသီး ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့၌ ငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော် တန်ဖိုးရှိ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ယာဉ်များအား တွေ့ရစဉ်။

နေပြည်တော် မတ် ၂၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် တရားမဝင် ရောင်းဝယ်မှု တားဆီးကာကွယ် နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ် မြို့ မကာဟိုခမ်းရပ်ကွက် ပိတောက်လမ်း မြလင်းပွင့်မိုတယ် အနီး၌ မသင်္ကာဖွယ် ယာဉ်သုံးစီး ရပ်တန့်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် စစ်ဆေးရှာဖွေရာ Toyota Fortuners အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် အလုံး ၃၀ (ဆာလာအိတ် တစ်လုံးလျှင် နှစ်သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၆၀၊ Toyota Hilux Single Cub အမျိုးအစား (လိုင်းစင်မဲ့) ခဲရောင်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၃၇ လုံး (ဆာလာအိတ် တစ်လုံးလျှင် နှစ်သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား ၇၄ သိန်းနှင့် Ford အမျိုးအစား (လိုင်စင်မဲ့) အဖြူရောင်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများ ထည့်ထားသည့် ဆာလာအိတ် ၂၂ လုံး (ဆာလာအိတ် တစ်လုံးလျှင် နှစ်သိန်းပြားပါ) စိတ်ကြွရူးသွပ်ဆေးပြား ၄၄ သိန်း စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ် ဆေးပြား ၁၇၈ သိန်း (ခန့်မှန်းငွေကျပ် ၈ ဒသမ ၉ ဘီလီယံကျော်တန်ဖိုးရှိ) မူးယစ်ဆေးဝါးများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

**ဆက်လက်ရှာဖွေလျက်ရှိ**

အဆိုပါ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ယာဉ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားခံများအား ဖမ်းဆီးရမိရေး ပူးပေါင်းအဖွဲ့ဖြင့် ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

# နိုင်ငံတကာ အားကစား သတင်းများ

## ဗီလာရီးရဲလ်အသင်းက ဆိုစီဒက်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**မက်ဒရစ် မတ် ၂၁** အဖြစ် ယနေ့ နံနက်ပိုင်းက ဗီ စပိန်လာလီဂါ ပွဲစဉ်(၂၉) လာရီးရဲလ်အသင်းနှင့် ဆိုစီဒက်



အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗီလာရီးရဲလ်အသင်းက ဆိုစီဒက်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗီလာရီးရဲလ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၇မိနစ်တွင် မိုရီနို၊ ပွဲချိန် ၁၅မိနစ်တွင် မိကော တာဇီ၊ ပွဲချိန် ၂၃မိနစ်တွင် ပီပီတို့က အသီးသီးသွင်းယူပေးခဲ့ကြသည်။

ဗီလာရီးရဲလ်အသင်းသည် စပိန်လာလီဂါပွဲစဉ် (၃၀)အဖြစ် လာမည့် ဧပြီ ၇ရက်တွင် ဂျီရိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (ဝဲပုံ)

(NGB)

## ဗီကာရီယိုကို ခေါ်ယူရန် အင်တာမီလန်အသင်း စီစဉ်

**မီလန် မတ် ၂၁**

အင်တာမီလန်အသင်းသည် စပါးအသင်း ဂိုးသမား ဗီကာရီယိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၆ပွဲကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်တာမီလန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

စပါးအသင်းကလည်း ဂိုးသမား ဗီကာရီယိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် အင်တာမီလန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် စပါးအသင်းထံမှ ဗီကာရီယိုကို ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)



## 2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Belinda Bencic တက်ရောက်

**မိုင်ယာမီ မတ် ၂၁**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic တက်ရောက်ခဲ့သည်။

အဆိုပါ ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic သည် 2026 Miami Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တူရကီတင်းနစ်မယ် Zeynep Sonmez ကို ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 Miami Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Belinda Bencic နှင့် ရုရှားတင်းနစ်မယ် Diana Shnaider တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (အောက်ပုံ)

(NGB)



## ချာလိုဘာ ခြေကျင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်

**လန်ဒန် မတ် ၂၁**

ချဲလ်ဆီးအသင်း နောက်ခံကစားသမား ချာလိုဘာသည် ခြေကျင်းဝတ်ဒဏ်ရာကြောင့် ခြောက်ပတ်ခန့် အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ချဲလ်ဆီးအသင်းက ပီအက်စ်ဂျီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ချာလိုဘာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ချဲလ်ဆီးအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား ချာလိုဘာသည် ချဲလ်ဆီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ပွဲကစားပြီး သုံးဂိုးအထိ သွင်း ယူထားသည်။

(အောက်ပုံ) (NGB)



## ဘောလုံးသတင်းအတိုအထွာများ

* မန်ယူအသင်းသည် နယူးကာဆယ်အသင်း ကွင်းလယ်ကစားသမား ဂွီမာရေ့စ်ကို ခေါ်ယူရန် ကမ်းလှမ်းမှုများ ပြုလုပ်ထားကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပေါ်တူဂီလက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ကစားမည့် နိုင်ငံတကာခြေစမ်းပွဲစဉ် လူစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုကို ဒဏ်ရာကြောင့် ချန်လှပ်ထားခဲ့သည်။

* ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက မန်ယူအသင်းနှင့် ဘုန်းမောက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။

(NGB)

### အင်္ဂလန်လိဂ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၂၂-၃-၂၀၂၆<br>ည ၁၁:၀၀ နာရီ | အာဆင်နယ် – မန်စီးတီး<br>(ပရီးမီးယားလိဂ်–၁) (ပရီးမီးယားလိဂ်–၂) | အာဆင်နယ် ၅ – ၁ မန်စီးတီး<br>မန်စီးတီး ၂ – ၂ အာဆင်နယ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၂၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၃-၂၀၂၆<br>ည ၈:၃၀ နာရီ | (၄)လိုင်ယွန် – မိုနာကို(၆)<br>(L,D,D,D,L) (W,D,W,W,W) | လိုင်ယွန် ၀-၂ မိုနာကို<br>မိုနာကို ၂-၀ လိုင်ယွန် |
| ၂၂-၃-၂၀၂၆<br>ည ၁၀:၄၅ နာရီ | (၃)မာဆေးလ် – လိုင်လီ(၅)<br>(L,W,L,W,W) (W,D,L,W,L) | မာဆေးလ် ၁-၁ လိုင်လီ<br>လိုင်လီ ၁-၁ မာဆေးလ် |
| " | (၁၃)ပါရီ – လီဟာဗ(၁၄)<br>(L,D,W,D,D) (W,L,L,L,D) | ———— |
| " | (၇)ရင်းနက်စ် – မက်ဇ်(၁၈)<br>(W,W,W,W,L) (L,L,L,L,L) | ရင်းနက်စ် ၅-၁ မက်ဇ်<br>မက်ဇ် ၂-၃ ရင်းနက်စ် |
| ၂၃-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၇)နန့်တက်စ် – စထရာဘော့စ်(၈)<br>(L,L,W,L,L) (W,D,W,D,D) | နန့်တက်စ် ၀-၁ စထရာဘော့စ်<br>စထရာဘော့စ် ၃-၁ နန့်တက်စ် |

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၃၁) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၃-၂၀၂၆<br>ညနေ ၆:၃၀ နာရီ | (၉)နယူးကာဆယ် – ဆန်းဒါးလန်း(၁၃)<br>(W,L,D,W,L) (L,D,W,L,L) | နယူးကာဆယ် ၁-၁ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၃-၀ နယူးကာဆယ် |
| ၂၂-၃-၂၀၂၆<br>ည ၈:၄၅ နာရီ | (၄)ဗီလာ – ဝက်စ်ဟမ်း(၁၈)<br>(L,L,W,L,W) (D,L,W,W,D) | ဗီလာ ၁-၁ ဝက်စ်ဟမ်း<br>ဝက်စ်ဟမ်း ၁-၂ ဗီလာ |
| " | (၁၆)စပါး – နော့တင်ဟမ်(၁၇)<br>(L,L,L,D,W) (L,D,L,D,W) | စပါး ၁-၂ နော့တင်ဟမ်<br>နော့တင်ဟမ် ၁-၀ စပါး |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၃၀) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၃-၂၀၂၆<br>ညနေ ၆:၀၀ နာရီ | (၄)ကိုမို – ပီဆာ(၁၉)<br>(W,W,D,W,W) (L,L,L,L,W) | ———— |
| ၂၂-၃-၂၀၂၆<br>ည ၈:၃၀ နာရီ | (၇)အတ္တလန်တာ – ဗီရိုနာ(၂၀)<br>(D,D,L,D,L) (L,L,L,W,L) | အတ္တလန်တာ ၆-၁ ဗီရိုနာ<br>ဗီရိုနာ ၀-၅ အတ္တလန်တာ |
| " | (၈)ဘိုလော့ဂ်နာ – လာဇီယို(၉)<br>(W,L,D,W,W) (D,L,D,W,W) | ဘိုလော့ဂ်နာ ၅-၀ လာဇီယို<br>လာဇီယို ၃-၀ ဘိုလော့ဂ်နာ |
| ၂၂-၃-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၆)ရိုးမား – လက်ချီ(၁၇)<br>(D,L,D,L,L) (W,L,L,W,L) | ရိုးမား ၄-၁ လက်ချီ<br>လက်ချီ ၀-၁ ရိုးမား |
| ၂၃-၃-၂၀၂၆<br>နံနက် ၀၂:၁၅ နာရီ | (၁၆)ဖီအိုရင်တီးနား – အင်တာမီလန်(၁)<br>(L,D,W,W,W) (L,W,D,L,D) | ဖီအိုရင်တီးနား ၃-၀ အင်တာမီလန်<br>အင်တာမီလန် ၂-၁ ဖီအိုရင်တီးနား |

### စပိန်လာဂီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၂၉) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၃-၂၀၂၆<br>ည ၇:၃၀ နာရီ | (၁)ဘာစီလိုနာ – ဝယ်လက်ကာနို(၁၃)<br>(W,W,D,W,W) (W,D,W,D,L) | ဘာစီလိုနာ ၁-၀ ဝယ်လက်ကာနို<br>ဝယ်လက်ကာနို ၁-၂ ဘာစီလိုနာ |
| ၂၂-၃-၂၀၂၆<br>ည ၉:၄၅ နာရီ | (၆)ဆဲလ်တာဗီဂို – အလာဗက်စ်(၁၇)<br>(W,L,D,D,W) (D,D,L,L,D) | ဆဲလ်တာဗီဂို ၂-၁ အလာဗက်စ်<br>အလာဗက်စ် ၁-၁ ဆဲလ်တာဗီဂို |
| ၂၃-၃-၂၀၂၆<br>နံနက် ၀၀:၀၀ နာရီ | (၁၀)ဘီလ်ဘာအို – ဘက်တစ်(၅)<br>(W,D,L,L,L) (D,L,L,D,W) | ဘီလ်ဘာအို ၁-၁ ဘက်တစ်<br>ဘက်တစ် ၂-၂ ဘီလ်ဘာအို |
| ၂၃-၃-၂၀၂၆<br>နံနက် ၀၂:၃၀ နာရီ | (၂)ရီးရဲလ်မက်ဒရစ် – အက်သလက်တီကို(၄)<br>(L,W,W,W,W) (L,W,W,W,L) | ရီးရဲလ်မက်ဒရစ် ၁-၁ အက်သလက်တီကို<br>အက်သလက်တီကို ၁-၁ ရီးရဲလ်မက်ဒရစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်–၂၇) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | ယမန်နှစ် ရလဒ် |
|---|---|---|
| ၂၂-၃-၂၀၂၆<br>ည ၉:၀၀ နာရီ | (၁၃)မိန့်ဇ် – ဖရန့်ဖတ်(၇)<br>(D,D,D,W,W) (W,L,W,D,W) | မိန့်ဇ် ၁-၁ ဖရန့်ဖတ်<br>ဖရန့်ဖတ် ၁-၃ မိန့်ဇ် |
| ၂၂-၃-၂၀၂၆<br>ည ၁၁:၀၀ နာရီ | (၁၆)စိန့်ပေါ်လီ – ဖရိုင်းဘတ်(၈)<br>(L,W,W,D,L) (L,D,L,L,W) | စိန့်ပေါ်လီ ၀-၁ ဖရိုင်းဘတ်<br>ဖရိုင်းဘတ် ၀-၃ စိန့်ပေါ်လီ |
| ၂၃-၃-၂၀၂၆<br>နံနက် ၀၁:၀၀ နာရီ | (၁၀)အော့စ်ဘတ် – စတုဂတ်(၄)<br>(W,W,W,L,L) (W,D,L,W,L) | အော့စ်ဘတ် ၀-၁ စတုဂတ်<br>စတုဂတ် ၄-၀ အော့စ်ဘတ် |

# မန္တလေး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သံဃာတော်များအတွက် အခမဲ့ဆေးကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည်

**မန္တလေး မတ် ၂၁**

မန္တလေးမြို့ရှိ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ၂၀၂၆ ခုနှစ်အတွင်း လာရောက်ကုသမည့် သံဃာတော်များကို အထူးဂရုစိုက်ကာ ဆေးဝါးနှင့် ကုသမှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးသွားရန် စီစဉ်ထားကြောင်း ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက ပြောကြားသည်။

(ယာပုံ)

ဆေးရုံကြီးတွင် သံဃာတော်နှင့်သီလရှင်များအတွက် အထူးကုဆရာဝန်ကြီးများနှင့် စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်သန့်စင်ခြင်း၊ မျက်စိ၊ သွားနှင့် အရိုးအကြောအဆစ်ရောဂါများ ကုသပေးခြင်းတို့ကို အခမဲ့ဆောင်ရွက် ပေးလျက်ရှိသည်။ ထို့အပြင် သွေးစစ်၊ ဆီးစစ်၊ ECG နှင့် ULtrasound (TV ဓာတ်မှန်)စသည့် ခေတ်မီစစ်ဆေးမှုများ ပြုလုပ်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များအတွက်ပါ အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို စနစ်တကျ စီစဉ်ပေးလျက်ရှိသည်။



ဆေးရုံတွင် အခမဲ့ကုသမှုခံယူလိုသည့် သံဃာတော်များအနေဖြင့် သံဃာ့မှတ်ပုံတင်ယူဆောင်လာရမည်ဖြစ်ပြီး မှတ်ပုံတင်မရှိပါက သက်ဆိုင်ရာကျောင်းထိုင်ဆရာတော်၏ ထောက်ခံချက်ဖြင့် လာရောက်ကုသနိုင်သည်။ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသည် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ရပ်တည်နေခြင်းဖြစ်ပြီး ဝန်ထမ်းအင်အား၊ ဆေးဝါးနှင့် လောင်စာဆီဖိုး အပါအဝင် တစ်လလျှင် ပျမ်းမျှ ငွေကျပ် သိန်း ၈၅၀ ခန့် အကုန်အကျခံ လည်ပတ်နေခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ်အတွင်း၌ ကုသမှုခံယူသည့် သံဃာနှင့် သီလရှင် စုစုပေါင်း ၈,၆၇၂ ပါးရှိခဲ့ပြီး ၂၀၀၈ ခုနှစ်မှ ယနေ့အထိ စုစုပေါင်း တစ်သိန်းကျော်ကို ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ပါ၍ သာသနာ့အနွယ်ဝင်များ၏ ကျန်းမာရေးအတွက် ပြည်သူများအနေဖြင့် ဆက်လက်ပါဝင်လှူဒါန်းကြရန် ဖိတ်ခေါ်ထားပြီး အဝေးမှ လှူဒါန်းလိုပါက K Pay (၀၉-၄၀၂၆၂၆၃၂၄)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-စ)**

# လက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာ သင်တန်းဆင်းပွဲကျင်းပ၊ ထူးချွန်ဆုများ ပေးအပ်

**မန္တလေး မတ် ၂၁**

မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးကွန်ရက်၊ သုဇာတာဖောင်ဒေးရှင်း၊ ရက်ကန်းလုပ်ငန်းရှင်များအသင်းနှင့် ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံတို့ ပူးပေါင်းဖွင့်လှစ်သော လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဆင်းပွဲကို မတ် ၂၀ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ်၊ ၇၃လမ်းနှင့် ၁၁၀လမ်းထောင့်ရှိ KBZ Center Mandalay တွင် ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကွန်ရက်ဒုတိယဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်အေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆောင်းဒါးရက်ကန်းနှင့် သက်မွေးပညာသိပ္ပံကျောင်းအုပ်ကြီး ဒေါ်ခင်ဝင်းကြည်က သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ရက်ကန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းက အမှတ်တရစကားပြောကြားသည်။

ထို့နောက် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးကွန်ရက်ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပြီး ထူးချွန်ဆုများနှင့် သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

ဆက်လက်၍ သင်တန်းသူမခင်ရတနာထွေးက ကျေးဇူးတင်စကားပြောကြားပြီး သင်တန်းကာလအတွင်း သင်တန်းသူများ ရက်လုပ်ထားသော ပဝါများကို တာဝန်ရှိသူများအား အမှတ်တရ ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**






# ယာယီနေရပ်စွန့်ခွာ တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများပေးအပ်

**မတ္တရာ မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပသော မျိုးစေ့ချကိရိယာဖြင့်ကွင်းသရုပ်ပြခြင်းနှင့် ယာယီနေရပ်စွန့်ခွာခဲ့ရသည့် တောင်သူများအား မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီမှ မျိုးစေ့နှင့် သွင်းအားစုများပေးအပ်ပွဲကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက မတ္တရာမြို့ မြို့မရှေ့တန်းစခန်းတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မတ္တရာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးသန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် တောင်သူများနှင့်အတူ ဦးပိုင်(၃၈)၊ အကွက်(၂၇၆) တောင်သူ ဦးဆန်းဝင်း၏ လယ်မြေတွင် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မြို့မရှေ့တန်းစခန်း၌ မျိုးစေ့နှင့် သွင်းအားစုများပေးအပ်ပွဲကိုကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်သီတာက မျိုးစေ့များ၊ သွင်းအားစုများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တောင်သူများက စိုက်ပျိုးရေးရှိရေးအခြေအနေများ၊ သွင်းအားစုများရရှိရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြရာ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များအပေါ် ဖြည့်စွက်ရှင်းလင်းပြောကြားခဲ့ပြီး မျိုးစေ့ထုတ်တောင်သူများထံသို့ မျိုးစေ့နှင့်သွင်းအားစုများကို အခမဲ့ပေးအပ်ခဲ့သည်။

အခမ်းအနား အပြီးတွင် ယူရီးယားဓာတ်မြေသြဇာများအား သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယာယီနေရပ်စွန့်ခွာခဲ့ရသည့် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ပေးအပ်ပွဲတွင် သဘာဝမြေသြဇာ အိတ် ၅၀ နှင့် ဧက ၄၀၀ စာ မျိုးစေ့များအား တောင်သူများထံသို့ အခမဲ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေရာသား**

# ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်လှစ်သင်ကြားပို့ချ

**မင်းဘူး မတ် ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် သီးနှံစိုက်စွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်ဖွင့်လှစ်သည့် ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်းကို မတ် ၂၀ ရက် နံနက်ပိုင်းက မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ ဥယျာဉ်ဇင်ကျေးရွာအုပ်စု သိမ်ကုန်းနည်းပညာပြန့်ပွားရေးစင်တာဝင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် တောင်သူပညာပေးသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွန်းက ဒေသတွင်း စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်းထမ်းများနှင့် ဒေသခံတောင်သူများမှ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြေနိမ့်ကော်ဖီသီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် လိုအပ်သည့်နည်းပညာနှင့် မျိုးစေ့ပျိုးပင်များကို ဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ သင်တန်းသား၊ တောင်သူများအား မြေနိမ့်ကော်ဖီ ပျိုးပင်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ မြေနိမ့်ကော်ဖီသီးနှံတိုးချဲ့စိုက်ပျိုးရေး တောင်သူနည်းပညာပေးရက်တိုသင်တန်းတွင် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး(စကု)၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာနှင့် ငဖဲမြို့နယ်၊ သရက်ခရိုင် မင်းလှမြို့နယ်တို့မှ ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဝန်ထမ်း သင်တန်းသားစုစုပေါင်း ၁၂၁ ဦး တက်ရောက်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အောက်ဝဲပုံ)**

**(၅၀၀)**



# ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**မြစ်သား မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက မတ် ၂၀ ရက် နံနက် ၁၀ နာရီက ရပ်ကွက်(၁) နှင့် ကျေးရွာ ၁၉ ရွာတို့တွင် ပြည်သူများ လျှပ်စစ်မီးသုံးစွဲရာတွင် အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းစေရေးအတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ယိမ်းယိုင်နေသည့် ဓာတ်တိုင်များအား တည့်မတ်ခြင်း၊ လျော့ကျနေသည့် လျှပ်စစ်ကြိုးများအား ပြန်လည်ပြုပြင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ မြစ်သားမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်အတွင်းရှိ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်အတွက် 33/11KV (20MVA) မြစ်သားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော 11 KV ရေဝန်းဖီဒါအား ဓာတ်အားလိုင်းတစ်လျှောက်နှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် Jumper Connection များ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



## အစိုးရပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်များအား စူဠဘွဲ့ နှင်းသဘင် ကျင်းပ



**အမရပူရ မတ် ၂၁**

အမရပူရမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲအောင် သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းပွဲ စူဠဘွဲ့နှင်းသဘင်ကို အမရပူရမြို့၊ မှန်တန်းရပ်ရှိ ဆင်ဖြူမယ်ကျောင်းတိုက်အတွင်းရှိ ဓမ္မသာလာကျောင်းဆောင်အတွင်း၌ မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။ ထို့နောက် ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ထံမှ သြဝါဒကထာနှင့် ရေစက်ချတရား နာယူခဲ့ကြသည်။

ထို့နောက် ပထမကြီးအောင် တစ်ပါးလျှင် အလှူငွေကျပ် ၅၀၀၀၀ ဖြင့် ၁၇ ပါး၊ ပထမလတ်အောင် တစ်ပါးလျှင် ၄၀၀၀၀ ဖြင့် ၁၁ ပါး၊ ပထမငယ်အောင် တစ်ပါးလျှင် ၃၀၀၀၀ ဖြင့် ၂၁ ပါး၊ အခြေပြု မူလတန်းအောင် တစ်ပါးလျှင် ၂၀၀၀၀ ဖြင့် သံဃာ ၁၂၀ ပါး၊ သီလရှင် လေးပါး၊ စုစုပေါင်း စာအောင်သံဃာတော်၊ သီလရှင် ၁၇၃ပါးတို့အား စာအောင်လက်မှတ်နှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့သည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ အဆိုပါကျောင်း၌ ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကျင်းပနိုင်ရေးအတွက် အစည်းအဝေးပြုလုပ်ခဲ့ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီထံမှ သိရသည်။ **(၀၈၄)**

## မြန်မာ့ဆန်စပါးကဏ္ဍတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် (Cashless Ecosystem) စတင်အကောင်အထည်ဖော်မည်

**ရန်ကုန် မတ် ၂၁**

ပြည်တွင်းရှိ ပုဂ္ဂလိကဆန်စပါး လုပ်ငန်းနယ်ပယ်တစ်ခုလုံးတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ် (Digital Payment)များ ပိုမိုထွန်းကားလာစေရန်နှင့် ခေတ်မီဘဏ်ဝန်ဆောင်မှုများကို ကျယ်ပြန့်စွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ "MRF RICE - Rice Industry Cashless Ecosystem" အစီအစဉ်သစ်ကို စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ အစီအစဉ်သည် နိုင်ငံတော်၏ "မြန်မာဒစ်ဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ-၂၀၃၀" နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်များနှင့်အညီ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ဆန်စပါးကွင်းဆက် (Value Chain) တစ်လျှောက်တွင် ပါဝင်ပတ်သက်နေကြသော တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များ၊ ဆန်တင်ပို့ရောင်းချသူများနှင့် အကျိုးဆောင်ပွဲစားများအားလုံးကို ဘဏ်စနစ်အတွင်းသို့ ပိုမိုရောက်ရှိလာစေရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

MRF RICE အစီအစဉ်၏ အဓိကလုပ်ဆောင်ချက်မှာ လက်ရှိအသုံးပြုနေသော ငွေသားအခြေပြု (Cash-based) လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် လုံခြုံစိတ်ချရပြီး ခေတ်မီသော ဒစ်ဂျစ်တယ်ဘဏ္ဍာရေးစနစ်သို့ အဆင့်ဆင့်ကူးပြောင်းနိုင်ရန် အထောက်အကူပြုပေးခြင်း ဖြစ်သည်။

ယင်းအတွက် MMQR - Myanmar Pay ကဲ့သို့သော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်များနှင့် အွန်လိုင်းဘဏ်ဝန်ဆောင်မှုများကို လက်တွေ့နယ်ပယ်တွင် ပိုမိုထိရောက်စွာ အသုံးပြုနိုင်ရန် တွန်းအားပေးသွားမည်ဖြစ်သည်။

ထို့ပြင် အသင်းချုပ်အနေဖြင့် ယခုစီမံကိန်းမှတစ်ဆင့် ဆန်စပါးစီးပွားရေးလုပ်ငန်းရှင်(Stakeholders)များအကြား ဘဏ္ဍာရေးချိတ်ဆက်မှုများ ပိုမိုအားကောင်းလာစေရန်၊ ငွေစက္ကူကို အလွန်အကျွံမှီခိုနေရမှုကို လျှော့ချရန်နှင့် ထုတ်လုပ်မှုစွမ်းရည် မြင့်မားလာစေရန် မျှော်မှန်းထားသည်။

ဤလုပ်ငန်းစဉ်သည် မြန်မာ့လယ်ယာစီးပွားရေးကဏ္ဍကို ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်းရာတွင် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ်များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများစွာနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**



## ရှေးဟောင်းအဆောက်အအုံပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပုဂံ မတ် ၂၁**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညီမွန်းဦးဆောင်သော အရာထမ်း၊ အမှုထမ်းများ ပါဝင်သောအဖွဲ့သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ASI အဖွဲ့က ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသော ရှေးဟောင်းအဆောက်အအုံအမှတ်-၁၆၇၀ (မဟာဗောဓိ) ဂူဘုရားရှိ ဆောင်ရွက်နေမှုများကို မတ် ၁၉ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ရှေးဦးစွာ ရှေးဟောင်းအဆောက်အအုံအမှတ်-၁၀၄၂ (ဆင်ကအုတ်တိုက်ရှည်နှင့်အုတ်ကုန်း)ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွင် အမိုးပေါင်းကူးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ ရှာဟောင်းကြီးဂူဘုရား Buddhist Complex ရှိ ရှေးဟောင်းစေတီ၊ ပုထိုးများ၊ အုတ်ကျောင်းများ၊ တံတိုင်းများ ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် တူးဖော်သုတေသနပြုခြင်းလုပ်ငန်း၊ အုတ်ကျောင်းများထိန်းသိမ်းခြင်း၊ တံတိုင်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ရှာဟောင်းကြီးရေကန်၊ ရေစစ်ကန်နှင့် ရေဝင်မြောင်းမွမ်းမံ ပြုပြင်ခြင်းလုပ်ငန်းမှ ရေစစ်ကန်ရှိ သဲနန်းများ တူးဖော်ဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ ရေစစ်ကန်၏ ကြံ့ခိုင်မှုပိုမိုကောင်းမွန်စေရန် အလေးထား၍ ရှေးမူလက်ရာမပျက်စေဘဲ ထိန်းသိမ်းသွားရန်၊ ရေဝင်မြောင်းများကို စနစ်တကျ ဖော်ထုတ်ထိန်းသိမ်းသွားရန်နှင့် သတ်မှတ်ဘဏ္ဍာရေးနှစ် ကာလအတွင်းလုပ်ငန်းများ အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်တို့ တို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရှေးဟောင်းအဆောက်အအုံအမှတ်-၂၄၉ (သိကြားဟစ်) ဂူဘုရားနှင့် ၂၄၃ (သိကြားသိ) ဂူဘုရားအစုတို့တွင် အထွေထွေ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဖြစ်သော နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းများကြံ့ခိုင်ထိန်းသိမ်းခြင်း၊ ငှက်များမဝင်ရောက်စေရန် သံပန်းတံခါးနှင့် ငှက်လုံဆန်ခါများ တပ်ဆင်ခြင်း၊ သိကြားဟစ်ဂူဘုရားတံတိုင်းနှင့် အုတ်တိုက်ပြုပြင် ထိန်းသိမ်းခြင်း၊ ကြမ်းခင်းပြုပြင်ခြင်းနှင့် လျှောက်လမ်းပြုလုပ်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအား အရည်အသွေးကောင်းမွန်စေရန်၊ Conservation Guideline နှင့်အညီ ဆောင်ရွက်ရန်နှင့် သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ASI အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်း အဆောက်အအုံအမှတ်-၁၆၇၀(မဟာဗောဓိ)ဂူဘုရားပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ပြီးစီးသည့် အခြေအနေများကို ASI အဖွဲ့နှင့်အတူ ကြည့်ရှုစစ်ဆေးခဲ့ပြီး မဟာဗောဓိဂူဘုရားနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အကြောင်းအရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

## မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားကြုံတွေ့ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်များ စိုက်ထူ

**မန္တလေး မတ် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အရှေ့ရပ်ကွက်အတွင်း လူစည်ကားရာနေရာများ၌ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားကြုံတွေ့ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်များ စိုက်ထူခြင်းကို မတ် ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို မဟာအောင်မြေမြို့နယ် ဒုတိယမီးသတ်ဦးစီးမှူး ဦးနေလင်းအောင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကိုလေး၊ သံလျက်မော်အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားကြုံတွေ့ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်များကို လူစည်ကားရာနေရာများ၌ စိုက်ထူခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**(၀၅၆)**

## ပြည်သူ့စာကြည့်တိုက်သို့ သုတရသစာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

**လားရှိုး မတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ရှိ ပြည်သူ့စာကြည့်တိုက်သို့ သုတရသ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို မတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါရုံးရှိ ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ထိုသို့ လှူဒါန်းရာတွင် လားရှိုးမြို့၊ ရပ်ကွက်(၁)နယ်မြေ(၈)တွင် နေထိုင်သည့် ဒေါ်စောမို့မို့ဝင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ရှိ ပြည်သူ့စာကြည့်တိုက်တွင် အများပြည်သူများ သုတရသစာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာနိုင်ရန်အတွက် သုတရသစာအုပ် စုစုပေါင်း ၅၇ အုပ်အား ပေးအပ်လှူဒါန်းခဲ့ရာ ဒုတိယဦးစီးမှူး ဒေါ်သန်းနွဲ့ဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**လှမော်(ပြန်/ဆက်)**

၀-၀-၀-၀-၀

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၄)

စာရေးသူ ဤဆောင်းပါးကို ရေးရခြင်း၏ ရည်ရွယ်ချက်သည် ယနေ့ခေတ်ကာလ လူငယ် မောင်မယ်များနှင့် လူကြီးများပါ ဗုဒ္ဓဝင်ပါ အကြောင်းအရာများ၊ ယခုသာသနာ့ပိုင်ရှင် ဂေါတမဘုရားရှင်၏ ပါရမီဖြည့်ခဲ့ပုံနှင့် ဘဝ ဖြစ်စဉ်တို့ကို သိကြစေရန်ဖြစ်ပါသည်။ ဓမ္မ ဗိမာန်နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်(ဓမ္မဗိမာန်ကျမ်းစာ အမှတ်-၄)ကို မိမိလည်းဖတ်ဖြစ်၊ စာဖတ်သူ တို့လည်း သိစေရန် အရင်အတိုင်း ပြန်လည် မျှဝေခြင်းသာဖြစ်သည်။ မှတ်စုတစ်ခုနှင့်တစ်ခု အဆက်များတွင်သာ စကားချီးအနည်းငယ် ရေးသားခြင်း၊ ဝါကျရှည်များကို အနည်းငယ် ချုံ့၍ ရေးသားခြင်းကိုသာ ဆောင်ရွက်ပြီး မူရင်းစာအုပ်ပါအတိုင်းနီးနီး ရေးသားထားခြင်းသာ ဖြစ်ပါသည်။

စာရေးသူ၏ ဤ'သုတမှတ်စုအပိုင်း(၃) ထိတွင် တဏှင်္ကရာဘုရားရှင်၊ မေဓင်္ကရာ ဘုရားရှင်နှင့် သရဏင်္ကရာဘုရားရှင် သုံးဆူ တို့၏ ဗုဒ္ဓဝင်နှင့် ဂေါတမဘုရားအလောင်းတော်၏ ဘုရားဖြစ်ရန်အကျင့်ကို ရှာမှီး၍ ကျင့်တော်မူခြင်းအထိ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုဆောင်းပါးတွင် သာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင်လေးဆူအနက် နောက်ဆုံးဖြစ်သော ဒီပင်္ကရာဘုရားရှင်၏ ဗုဒ္ဓဝင်ကို ဆက်လက်ဖော်ပြသွားပါမည်။

သရဏင်္ကရာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး လူတို့သက်တမ်း အနှစ်ကိုးသောင်းတမ်းသည် ဆယ်နှစ်တမ်းထိ ဆုတ်ယုတ်ခဲ့ကာ ထိုမှတစ်ဖန် ပြန်၍ အသင်္ချေယျတမ်းထိ တိုးတက်ခဲ့ပြန်သည်။ ထိုအသင်္ချေယျတမ်းမှ တစ်ဖန်ပြန်၍ ဆုတ်ယုတ်လာစဉ်ကာလ အနှစ်တစ်သိန်းတမ်း အရောက်တွင် ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူခဲ့သည်။

### ဒီပင်္ကရာဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်းနှင့် ထီးနန်းစံခြင်း

ဒီပင်္ကရာဘုရားလောင်းသည် ရှေးဘုရားရှင် အလောင်းတော်များကဲ့သို့ပင် ပါရမီတော်များ ဖြည့်ကျင့်အပြီး တုသိတာနတ်ပြည်၌ စံတော်မူခဲ့သည်။ ထိုသို့စံနေစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုရားဖြစ်ရန် အချိန်တန်၍ လူ့ပြည်ဆင်းကာ ပဋိသန္ဓေနေ တော်မူပါရန် တောင်းပန်ခဲ့ကြ၏။ ထို့ကြောင့်ပင် တုသိတာနတ်ပြည်မှ စုတေ၍ **လူ့ပြည်ရမ္မာဝတီ မြို့တော် သုဒေဝမင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ သုမေဓာ မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူခဲ့သည်။ ဆယ်လပြည့်မြောက်ချိန် အလောင်းတော်မင်းသားကို ဖွားမြင်တော်မူခဲ့ပြီး ဒီပင်္ကရာမင်းသားဟု အမည်မှည့်ခေါ်ခဲ့ကြ၏။** အလောင်းတော် ပဋိသန္ဓေနေတော်မူစဉ်နှင့် ဖွားမြင်တော်မူချိန်တွင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း ပုဗ္ဗနိမိတ်ကြီးများ ထင်ခြင်း၊ အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခြင်းရှိခဲ့၏။

ဒီပင်္ကရာအလောင်းတော်မင်းသား အရွယ်တော်ရောက်စဉ် ပဒုမာမင်းသမီးနှင့်ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ နှစ်ပေါင်း တစ်သောင်းပတ်လုံး ဟံသဟသာ်ရွှေနန်းဆောင်၊ ကောဉ္စကြိုးကြာရွှေနန်းဆောင်၊ မယူရ ဥဒေါင်း ရွှေနန်းဆောင်တည်းဟူသော နန်းပြာသာဒ်သုံး ဆောင်တို့မှ မောင်းမမိဿံတို့၏ လုပ်ကျွေးမှုကို ခံယူကာ မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းမင်းသား၏သားတော်မှာ ဥသဘက္ခန္ဓ မင်းသား ဖြစ်သည်။

### တောထွက်တော်မူခြင်းနှင့် ဘုရားဖြစ်တော်မူခြင်း

အလောင်းတော် ဒီပင်္ကရာမင်းသားသည် အခြွေအရံတို့နှင့် ရွှေနန်းသုံးဆောင်၌ မင်းစည်းစိမ် ခံစားနေစဉ် ဥယျာဉ်ကစားရန် ထွက်တော်မူချိန် **သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နတ်တမာန် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူသံဝေဂဖြစ်ခဲ့ပြီး ရမ္မာဝတီမြို့တော်သို့ ပြန်ဝင်တော်မူသည်။** တစ်ဖန်ဥယျာဉ်ကစားရန် ထွက်တော်မူလိုပြန်ရာ ဝိသကြုံနတ်သားက အလောင်းတော်မင်းသားအား အဝတ်တန်ဆာများ လာရောက်ဆင်ယင်ပေးခဲ့သည်။ အလောင်းတော်သည် ဆင်ပေါင်း ရှစ်သောင်းလေးထောင်ခြံရံလျက် စီးတော်ဆင်ဖြင့် များစွာသော စစ်သည်ဗိုလ်ပါခြံရံ၍ ထွက်ခဲ့ပြန်သည်။ ပြီးနောက် ဥယျာဉ်တော်တွင်း လှည့်လည် ရှုစားပြီး အေးမြနှစ်သက်ဖွယ်ကောင်းသော ကျောက်ဖျာထက်၌ ထိုင်နေစဉ် ရဟန်းပြုရန် စိတ်အကြံဖြစ်ခဲ့၏။

ထိုအခါ သုဒ္ဓါဝါသဘုံမှ ရဟန္တာ ဗြဟ္မာကြီးသည် ပရိက္ခရာရှစ်ပါးကို ဆောင်ယူခဲ့၍ အလောင်းတော်၏ မျက်မှောက်မြင်လောက်ရာ အရပ်၌ ထားလေလျှင် ရဟန်း၏ အသုံးအဆောင်များဖြစ်ကြောင်း သိခဲ့ရသည်။ **ထိုအခါ ပရိက္ခရာရှစ်ပါးကို ယူပြီး မင်းဝတ်တန်ဆာတို့ကို ချွတ်ကာ လက်သုံးတော် သံလျက်ဖြင့် ဆံတော်ကိုပယ်ပြီး ရဟန်းပြုခဲ့လေသည်။ အလောင်းတော်မင်းသား ရဟန်းပြုတော်မူကြောင်း ကြားသိကုန်သော် လူအပေါင်းတို့သည် အလောင်းတော်ကို အတုလိုက်ကာ ရဟန်းပြုခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်းများနှင့်အတူ တောတွင်း၌ ဆယ်လပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲ့သော အကျင့်တော်မြတ်ကို ကျင့်တော်မူ၍ ညောင်ကြတ်ပင်ရင်း၌ ငါးဆယ့်သုံးတောင်ပမာဏရှိသော အပ္ပရာဇိတပလ္လင် တော်ဝယ် အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။**

### ဓမ္မစကြာတရားဦးဟောတော်မူခြင်းနှင့် ဒေသစာရီလှည့်လည်တော်မူခြင်း

ဒီပင်္ကရာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိညောင်ကြတ်ပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့သည်။ **အဋ္ဌမသတ္တာဟသို့ ရောက်သော အခါ တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး သုနန္ဒာရာမအရပ် အသရေရှိသော ကျောင်းတော်၌ ဓမ္မစကြာတရားဦးကို ဟောတော်မူခဲ့သည်။** ထိုစဉ် ကုဋေတစ်ရာသော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခဲ့ကြကုန်၏။

ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် သတ္တဝါတို့ အကျိုးငှာ ဒေသစာရီ လှည့်လည်တော်မူလျက် ရမ္မာဝတီပြည်သို့အရောက် သုဒဿနကျောင်းတော်၌ သီတင်းသုံးနေတော်မူခဲ့သည်။ ရမ္မာဝတီပြည်သူ ပြည်သားတို့က ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းလုပ်ကျွေးပြီး ကိုးကွယ်ရာဟူ၍ ဆည်းကပ်ခဲ့ကြကာ **ဘုရားရှင်က အချို့ကို သရဏဂုံတည်စေခဲ့၏။ အချို့ပုဂ္ဂိုလ်ကို ငါးပါးသီလမြဲစေခဲ့ပြီး အချို့ကို ဆယ်ပါးသီလ ဆောက်တည်စေခဲ့၏။ အချို့ကို အရိယမဂ်လေးပါး၊ ဖိုလ်လေးပါးတို့ကို ပေးတော်မူခဲ့သည်။ အချို့သော ပုဂ္ဂိုလ်တို့အား အတုမရှိသော ပဋိသမ္ဘိဒါတရားလေးပါးတို့ကိုလည်းကောင်း၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး တို့ကိုလည်းကောင်း ပေးတော်မူကာ လူအပေါင်းကို ချီးမြှောက်တော်မူခဲ့၏။** ဘုရားရှင်သည် ထိုနည်းစဉ်အားဖြင့် လူအပေါင်းကို အဆုံးအမပေးတော်မူသောကြောင့် သာသနာတော်သည် ပွင့်လင်းထွန်းကားလာခဲ့သည်။

ဒီပင်္ကရာဘုရားရှင်သည် များစွာသော သတ္တဝါတို့ကို ဒုဂ္ဂတိဘုံဘဝမှ လွတ်မြောက်စေတော်မူခဲ့သည်။ ဘုရားရှင်သည် သစ္စာလေးပါးကို သိစေထိုက်သော သတ္တဝါကို ရွှေဉာဏ်တော်၌ ထင်တော်မူလာကာ ယူဇနာတစ်သိန်းကွာဝေးသော အရပ်၌တည်သော ထိုသတ္တဝါထံသို့ တစ်ခဏချင်းဖြင့် ချဉ်းကပ်၍ ကယ်မစောင့်ရှောက်တော်မူခဲ့သည်။

### ဂေါတမဘုရားလောင်း ဗျာဒိတ်စံခြင်း

ဤအပိုင်းကို ဂေါတမဘုရားအလောင်း၏ ဖြစ်တော်စဉ်၌ ဖော်ပြခဲ့ပြီး ဗုဒ္ဓဝင်တွင် ပါရှိပြီး ဖြစ်သည်။ ဒီပင်္ကရာဘုရားရှင်သည် နောက်ပါ ရဟန္တာလေးသိန်းဖြင့် ရမ္မာဝတီပြည်သို့ ကြွတော်မူခဲ့ရာ လမ်းခရီးတွင် ဂေါတမဘုရားအလောင်း သုမေဓာရှင်ရသေ့အား '**နောင်လာမည့် ဘဒ္ဒကမ္ဘာတွင် ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့**'ဟု ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့သည်။

### ဒီပင်္ကရာဘုရားရှင်၏ တပည့်သာဝကများ

ဒီပင်္ကရာမြတ်စွာဘုရား၏ (အဂ္ဂသာဝက) မြတ်သော တပည့်အစုံတို့ကား အရှင်သုမင်္ဂလမထေရ်နှင့် အရှင်တိဿမထေရ်တို့ဖြစ်ကြပြီး အရှင်သာဂတမထေရ်ကား ဘုရားရှင်၏ အလုပ်အကျွေးဖြစ်သည်။ အရှင်မနန္ဒာထေရီနှင့် သုနန္ဒာထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့ဖြစ်ကြ၍ အလုပ်အကျွေး ဒါယကာ(အဂ္ဂဥပဋ္ဌာက)တို့ကား တပုဿနှင့် ဘလ္လိကတို့ ဖြစ်ကြသည်။ အလုပ်အကျွေး ဒါယိကာမ(အဂ္ဂဥပဋ္ဌိကာ)တို့သည် သိရိမာနှင့် ကောဏာတို့ဖြစ်ခဲ့ကြသည်။

ဒီပင်္ကရာဘုရားရှင်၏ အရပ်တော်မှာ **အတောင်ရှစ်ဆယ် မြင့်တော်မူ၍ အလျှံတဝင်းထွန်းလင်းတောက်ပသော ဆီမီးတိုင်ကြီးကဲ့သို့လည်းကောင်း၊ ပင်လုံးကျွတ်ပွင့်သည့် အင်ကြင်းပင်ကြီးကဲ့သို့လည်းကောင်း တင့်တယ်တော်မူလှ၏။** ဘုရားရှင်၏ ရောင်ခြည်တော်ကား ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာတိုင်အောင် တန်ခိုးတော်ဖြင့် အထူးဖန်ဆင်းရခြင်းမရှိပါဘဲ အလိုလို ပျံ့နှံ့ထွန်းလင်း၏။

### (ဓမ္မာဘိသမယ)တရားပွဲကြီးများနှင့် သာဝက(သန္နိပါတ)အစည်းအဝေးကြီးများ

ဒီပင်္ကရာဘုရားရှင် ဘုရားဖြစ်တော်မူပြီး သုနန္ဒာရာမအရပ်မြတ်သော ကျောင်းတော်၌ ဓမ္မစကြာတရားဦးဟောတော်မူသော တရားပွဲသည် ရှေးဦး(ဓမ္မာဘိသမယ)တရားပွဲကြီးဖြစ်ပြီး ကုဋေတစ်ရာသော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါး သိမြင်ကျွတ်တမ်းဝင်ခဲ့ကြ၏။

တစ်ဖန် ဒီပင်္ကရာဘုရားရှင်သည် သားတော် ဥသဘက္ခန္ဓမင်းသား၏ ဉာဏ်ရင့်ကျက်ချိန်ကို သိတော်မူ၍ သားတော်ကို အမှူးထား တရားနာလာကြကုန်သော သတ္တဝါတို့အား ဆုံးမဟောကြားတော်မူခဲ့သော တရားပွဲသည် ဒုတိယကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီးဖြစ်သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ်သော လူနတ်ဗြဟ္မာသတ္တဝါတို့ ကျွတ်တမ်းဝင်ခဲ့ကြပြန်သည်။

ထို့နောက် ဒီပင်္ကရာဘုရားရှင်သည် အမရဝတီမြို့တော်တံခါးဝ **ကုက္ကိုပင်ကြီးအရင်း၌ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူကာ ဒိဋ္ဌိတို့ကို နှိမ်နင်းတော်မူပြီး တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူခဲ့၏။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖြာထက်၌ သီတင်းသုံးကာ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို အမှူးထား၍ အဘိဓမ္မာဟောကြားတော်မူခဲ့သည့် တရားပွဲသည် တတိယ (ဓမ္မာဘိသမယ)တရားပွဲဖြစ်ခဲ့ပြီး ကုဋေကိုးဆယ်သော နတ်ဗြဟ္မာတို့ သစ္စာသိမြင်ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။**

ဒီပင်္ကရာဘုရားရှင်လက်ထက်၌ တပည့်သာဝကအစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ဘုရားရှင်သည် လူအပေါင်းတို့၏ ရှေးကောင်းမှုကို မြင်တော်မူ၍ ကယ်တင်ရန် ရဟန်းသံဃာတို့ကို ခေါ်ဆောင်တော်မမူဘဲ တစ်ပါးတည်း နရဒေဝနတ်ဘီလူးအပိုင်စားသည့် နာရဒကူဋတောင်ထိပ်သို့ တက်တော်မူခဲ့သည်။ ထိုအခါ ဘီလူးသည် ပြင်းစွာအမျက်ထွက်၍ တောင်ကြီးကို တုန်လှုပ်စေကာ ဘုရားရှင်ကို ခြောက်လှန့်ထွက်ပြေးစေခဲ့သည်။ သို့သော် **ဘုရားရှင်က လုံးဝကြောက်ရွံ့ခြင်းမရှိဘဲ ပကတိကြည်လင်စွာ သီတင်းသုံးနေတော်မူသည်ကို ဘီလူးကြီးမြင်ရသည်ရှိသော် 'ဤရဟန်းကြီးကား အံ့ဩဖွယ်ရှိပေစွ၊ တန်ခိုးအာနုဘော်ကြီးပေစွ။ ငါပြုခဲ့သော အမှုသည် ငါ့အပေါ်သာ ကျရောက်ခဲ့ပေပြီ။ ဤရဟန်းကြီးမှတစ်ပါး ငါသည် ကိုးကွယ်ရာ မရှိပြီ။ ဤရဟန်းကြီးကိုပင် ကိုးကွယ်ဆည်းကပ်တော့အံ့'**ဟု အကြံဖြစ်ပေါ်ခဲ့လေသည်။

**ကျမ်းကိုး။** ။ ဓမ္မဗိမာန်နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် (ကျမ်းစာအမှတ်-၄)

**(ဆက်လက်ဖော်ပြပါမည်။)**

ရေချမ်း-မန်း

## လူငယ်နှင့် နည်းပညာအကြောင်း အသိပညာပေး(Talk Show)ကျင်းပ




**ချောက် မတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမတွင် လူငယ်နှင့် နည်းပညာအကြောင်း အသိပညာပေး(Talk Show)ကို ယမန်နေ့ မွန်းလွဲ ၃ နာရီက ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ အသိပညာပေး (TalkShow)တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုချိုဝင်းက ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ လူငယ်လူရွယ်များအနေဖြင့် နည်းပညာကို တတ်ကျွမ်းအောင် လေ့လာရန်ဖြစ်ပြီး ရရှိလာသည့် နည်းပညာများကို မှန်ကန်သော နေရာများတွင် အသုံးပြုစေရန် လိုအပ်ပုံနှင့် လူငယ်များအနေဖြင့် နည်းပညာကိုတတ်ကျွမ်းဖို့အတွက် လေ့လာချင်စိတ်သာ ရှိဖို့လိုကြောင်း၊ အင်တာနက်နှင့် လက်ကိုင်ဖုန်း နည်းပညာများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆန်းသစ်လာပြီဖြစ်ကြောင်း၊ ဆန်းသစ်သည့် နည်းပညာများ တိုးတက်လာခြင်းနှင့်အတူ လူငယ်များအနေဖြင့် နည်းပညာကို အသုံးပြု၍ တီထွင်ဆန်းသစ်မှုများ၊ အသိပညာဗဟုသုတများ တိုးပွားရှာဖွေကြရန်လိုကြောင်း၊ နည်းပညာများကိုလည်း မှန်ကန်သောနေရာများတွင် အသုံးပြုစေရန် လိုအပ်ပုံနှင့်နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဒေါ်အေးအေးမူ (ရုပ်သံကျွမ်းကျင်-၃)တို့က အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကျော်မိုး(ပြန်/ဆက်)**

## စာဖတ်ခြင်းနှင့်ပြောင်းလဲတိုးတက်လာခြင်း(၃) အသိပညာပေးဆွေးနွေးပွဲကျင်းပ

**တောင်တွင်းကြီး မတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် လူငယ်များအတွင်း စာဖတ်ရှိန်မြှင့်တင်လာစေရေး စာဖတ်ခြင်းနှင့် ပြောင်းလဲတိုးတက်လာခြင်း(၃) အသိပညာပေးဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

စာဖတ်ခြင်းနှင့်ပြောင်းလဲတိုးတက်လာခြင်း(၃) အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်နှင့် ရုပ်သံကျွမ်းကျင်(၃) ဒေါ်မိုင်စန်းသီတာဌေးတို့က ကျောင်းသား၊ လူငယ်ထုအတွင်း စာဖတ်ရှိန်မြှင့်တင်လာစေရေး၊ ကလေးငယ်များ စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိလာစေရေး အသုံးပြုရမည့်နည်းလမ်းများအကြောင်း၊ ကျောင်းသားလူငယ်များ စာဖတ်နှုန်းတိုးတက်လာစေရေးကျောင်းစာကြည့်တိုက်များ ဆောင်ရွက်သင့်သည့်နည်းလမ်းများအကြောင်း၊ လူငယ်များ၏ဘဝ ပြောင်းလဲတိုးတက်လာစေရေး စာကောင်းပေမွန်များ၏အခန်းကဏ္ဍ အရေးပါပုံများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို ကျောင်းသားလူငယ်များ စာပေလေ့လာဖတ်ရှုခြင်းနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် Pageတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**နောင်နောင်(ဗိဿနိုးမြေ)**




## မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးအသိပညာပေး

**မိုင်းယောင်း မတ် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ဝမ်ဘိုးအုပ်စု၊ နားဖန်းကျေးရွာ၌ ယမန်နေ့က မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနေလှိုင်နှင့် တာဝန်ရှိသူများက အိမ်တိုင်း မီးသတ်ဆေးဘူးများကို တတ်နိုင်သမျှ ဆောင်ထားရမည်ဖြစ်ကြောင်း စသည့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြောင်း သိရသည်။ **(၅၀၅)**




## နွေရာသီအခြေခံအားကစားသင်တန်းများ သင်ကြားပို့ချလျက်ရှိ

**မိုးညှင်း မတ် ၂၁**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့တွင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော နွေရာသီအားကစားသင်တန်းများကို ဖေဖော်ဝါရီ ၂၃ ရက်မှစတင်၍ ယနေ့အချိန်အထိ သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းသားလူငယ်များ စိတ်ဝင်တစား လေ့လာသင်ယူလျက်ရှိသည်။

နွေရာသီ အခြေခံအားကစားသင်တန်းကို ခရိုင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ယူ၍ မြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များနှင့် အားကစားဝါသနာရှင်များအား အားကစားများကို ပိုမိုစိတ်ဝင်စားလာစေရန်၊ အားကစားလှုပ်ရှားခြင်းကြောင့် သက်ရှည်ကျန်းမာပြီး ပြည်နယ်ဂုဏ်ဆောင် အရည်အချင်းရှိသော လူငယ်အားကစားသမားများ ထွက်ပေါ်လာစေရန်နှင့် နိုင်ငံ့လက်ရွေးစင်ဖြစ်သည့် မျိုးဆက်သစ်ကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများတွင် ကြက်တောင်ရိုက်၊ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်နှင့် Physical Fitness Dance စသည့် အားကစားနည်း စုစုပေါင်း ရှစ်မျိုးကို ဖေဖော်ဝါရီ ၂၃ရက်မှ ဧပြီ ၅ရက်အထိ ကျွမ်းကျင်သင်တန်းနည်းပြများက သင်ကြားပို့ချလျက်ရှိရာ ကျောင်းသားလူငယ်များနှင့် အားကစားဝါသနာရှင်များက စိတ်ဝင်တစား လေ့လာသင်ယူလျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**ရွှေမိုးညှင်း**

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ရွာသင်္ကြန်

\- - - - - - - - - - - - - -

* ဂိမှာန်နွေဦး လတန်ခူး
  မြန်မာ့နှစ်သစ်ကူး။
* တောင်လေသုတ်ဖြူး ဆော့ကာလူး
  လေရူး ကခုန်မြူး။
* ဥသြတွန်တဲ့ အညာနွေ
  ရွက်ဝါလူးလွန့်ကြွေ။
* သင်္ကြန်မိုးပြေး ဖျန်းတဲ့ရေ
  ပိတောက်ဖူးပွင့်ဝေ။
* တူးပို့သံတွေ ညံမစဲ
  အတာသင်္ကြန်ပွဲ။
* လောင်းကြ၊ ပက်ကြ ရေတွေရွှဲ
  မြူးတူးပျော်ရွှင်နွှဲ။
* ဘုန်းကြီးကျောင်းကို သွားရောက်ကြ
  သီလဆောက်တည်ကြ။
* သက်ကြီးရွယ်အို ဘိုးဘွားမိဘ
  ပူဇော်ကန်တော့ကြ။
* ရေချိုးခေါင်းလျှော် သန့်ရှင်းကြ
  နံ့သာလိမ်းကျံကြ။
* ခြေသည်း၊ လက်သည်း ညှပ်ပေးကြ
  မွန်မြတ်ကုသိုလ်ရ။
* အသံတိတ် အလှူနိဗ္ဗာန်ဈေး
  ဝိုင်းဝန်းလုပ်အားပေး။
* အယုတ်အလတ်အမြတ်မရွေး
  စတုဒိသာကျွေး။
* မြန်မာ့ယဉ်ကျေးမှုသင်္ကြန်
  ရေးမူမပျက်ရန်။
* ထိန်းသိမ်းနေကြ မြန်မာ့ဟန်
  ဒို့ကျေးရွာသင်္ကြန်။ ။

**မိုးထက်ကို(အမရပူရ)**



# လျှောင်ဒဏ်သင့် ဗန်းမော်သိမ်၊ စေတီ၊ မန္တလေးတက္ကသိုလ်ဓမ္မာရုံတို့အား မူလလက်ရာမပျက် ပြုပြင်မည်



**မန္တလေး မတ် ၂၁**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတက္ကသိုလ်ဓမ္မာရုံ၊ ဗန်းမော်သိမ်နှင့် စေတီ၊ အရိုးအိုးစေတီနှစ်ဆူတို့ ပြိုကျပျက်စီးခဲ့သည်။ ထိုသို့ ပြိုကျပျက်စီးသွားသော ဓမ္မာရုံနှင့် သိမ်၊ စေတီတို့ကို မူလလက်ရာမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရန် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ဆရာမများ၊ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ မြို့မိမြို့ဖများ စုပေါင်းဦးဆောင်၍ ဆပ်ကော်မတီများ စနစ်တကျဖွဲ့စည်းကာ စေတနာအလှူရှင်များနှင့်ပူးပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်မည်ဖြစ်သည်။

မန္တလေးတက္ကသိုလ် ဓမ္မာရုံကြီးကို မန္တလေးတက္ကသိုလ် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ထည့်ဝင်ငွေဖြင့် ၁၉၈၉ ခုနှစ်၊မတ် ၂၀ရက် နံနက် ၇နာရီ မိနစ်၂၀တွင် ပန္နက်တော်တင်ပြီး စတင် ဆောက်လုပ်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက်တွင် ဓမ္မာရုံကြီးအား မန္တလေးတက္ကသိုလ် ဒုတိယအဓိပတိ(ငြိမ်း) ဆရာကြီး ဦးကိုလေး၊ဆရာမကြီး ဒေါ်အုန်း၊ ဆရာကြီး ဦးနက်၊ ဆရာကြီး ဦးဘတုတ်၊ ဆရာကြီး ဦးသိန်းမောင်၊ ဆရာကြီး ဦးကိုကြီးတို့အား အမှူးထား၍ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိမ်းမြင့်၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်း၊ဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ရုံးအရာထမ်း၊ အမှုထမ်းများက ဗုဒ္ဓသာသနာအဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရေး သာသနာရေးလုပ်ငန်းများနှင့် ဗုဒ္ဓဘာသာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်ပတ်သက်သော အခမ်းအနားများ ဆောင်ရွက်ရန်အလို့ငှာ ရေစက်ချ အမှုဝေလှူဒါန်းကြောင်း ကမ္ပည်းမော်ကွန်းထိုးထားသည်။မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၏ ကြီးကြပ်မှုဖြင့် မန္တလေးတက္ကသိုလ် ဗုဒ္ဓဘာသာအသင်းက ဓမ္မာရုံကြီးကို ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

မန္တလေးတက္ကသိုလ်ဓမ္မာရုံ အတွင်းတွင် ဗန်းမော်သိမ်နှင့် ဆရာတော်ဦးနန္ဒိမာ၏ အရိုးအိုးစေတီနှင့် ဗန်းမော်ဝန်တို့၏ အရိုးအိုးစေတီရှိပြီး ဗန်းမော်ဝန်၏ အရိုးအိုးဘုရားကျောက်စာကိုလည်း တွေ့ရသည်။

မန္တလေးငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးတက္ကသိုလ်ဓမ္မာရုံနှင့် သိမ်၊ စေတီတို့ကို မူလလက်ရာမပျက် ပြန်လည်ပြုပြင်ရေးအတွက် ငွေလှူဒါန်းပွဲကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက သုတေသနစင်တာခန်းမတွင် ကျင်းပရာ ဆရာကြီး ဦးတင်မောင် + ဒေါ်ခင်မြမြ(သူရိန်နန်းအထက်တန်းကျောင်း)မိသားစုက ငွေကျပ် သိန်း ၁၀၀၊ ဦးခင်မောင်ထွေး(မြမြင့်မိုလ်ဆောက်လုပ်ရေး)က ငွေကျပ် သိန်း ၁၀၀ အပါအဝင် ကျောင်းသား၊ ကျောင်းသူဟောင်းများက ငွေကျပ် ၅၀၂ သိန်း လှူဒါန်းရာ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက မိမိတို့စေတနာအလျောက် နည်းများမဆို ကုသိုလ်ပါဝင်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၅)

* - * - * - * - * - *




# စူဠဘွဲ့ နှင်းသဘင် အခမ်းအနားနှင့် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပ

**ကျောက်ဆည် မတ် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ်၊သင်တောင်းကြီးကျေးရွာ၊ မဟာရွှေသိမ်တော်မြတ်စွာဘုရားဝင်းအတွင်းရှိ ကေသီဦးဓမ္မာရုံ၌ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတို့တွင် အောင်မြင်တော်မူခဲ့ကြသည့် စာအောင်သံဃာတော်များအား အောင်လက်မှတ်၊စာအောင်ဆုဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားနှင့် မြို့နယ်လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တဝါယမထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာရွှေစေတီစာသင်တိုက် ပဓာနနာယကက ဘဒ္ဒန္တပညာသာမိက(မဟာဂန္ထဝါစကပဏ္ဍိတ)က စာအောင်ဆုချီးမြှင့်မည့်အစီအစဉ်များကို ရှင်းလင်းမိန့်ကြားခဲ့သည်။

ထို့နောက် ကျောက်ဆည်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက စာအောင်သံဃာတော်များအား စာအောင်လက်မှတ်များနှင့် စာအောင်ဆုများကို ဆက်ကပ်ခဲ့ပြီး ဆရာတော် ဘဒ္ဒန္တဇနိတာဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ဆက်လက်၍ ပင့်သံဃာတော်များနှင့် စာအောင်သံဃာတော် ၁၅၇ ပါးတို့အား ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ စေတနာရှင်ပြည်သူများစုပေါင်း၍ ဆွမ်းဆန်စိမ်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများလောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေလှူဒါန်း



**မန္တလေး မတ် ၂၁**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မတ် ၁၉ ရက်က အလှူရှင် မန္တလေးမြို့၊ ကမ်းနားလမ်းကြင်းတော်ရန်ဘုရားကျောင်းဝင်းအတွင်း မြန်မာ-တရုတ် ကုန်သည်များအသင်း(အထက်မြန်မာပြည်)မှ အဆောက်အအုံ လှေကားထစ်များပြုပြင်ရန်အတွက် ငွေကျပ် သိန်းတစ်ရာ၊ တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ငါးသိန်း၊ စုစုပေါင်း တစ်ရာ့ငါးသိန်းအား လှူဒါန်းခဲ့သည်။လှူဒါန်းမှုအတွက် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နာယကဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာ ဦးမိတ်၊ ဆရာကြီး ဦးတင်မောင် ဆေးနှင့် ဆေးပစ္စည်းကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဦးတင်ထွဋ်၊ ကြီးကြပ်ရေးနှင့် အထောက်အကူပြု အဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတ ဓရ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်၊ ဆောက်လုပ်ရေးဆပ်ကော်မတီနှင့် ဆွမ်းကွမ်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်ခဲ့သည်။

လှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၀၉၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

* - * - * - *

* - * - * - * - * - *

# မီးလောင်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စု ခြောက်စုအား ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**မိတ္ထီလာ မတ် ၂၁**

မိတ္ထီလာမြို့၌ မီးလောင်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည့် အိမ်ထောင်စုခြောက်စုအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပံ့ပိုးပေးပို့သော ကူညီကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခြင်းကို ယမန်နေ့ ညနေပိုင်းက ရန်မျိုးအောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် မတ် ၁၀ ရက်က မီးလောင်မှုကြောင့် နေအိမ်များပျက်စီးဆုံးရှုံးခဲ့သည့် ရန်မျိုးအောင်ရပ်ကွက်၊ အောင်ချမ်းသာရပ်မှ အိမ်ထောင်စုခြောက်စုထံသို့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ပံ့ပိုးပေးပို့သော မိသားစုသုံး အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်းအမျိုးအမည် ခြောက်မျိုးပါ အသုံးအဆောင်ပစ္စည်းများကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးကျော်ဇေယျ၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးနေဦးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ ထို့နောက် အဆိုပါ အိမ်ထောင်စုမှ မိသားစုဝင်များအား ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးက ကူညီကယ်ဆယ်ရေးပစ္စည်း အသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)(၄၅၃)





# မဟာအောင်မြေမြို့နယ်၌ နေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး မတ် ၂၁**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၌ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မဟာမြိုင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများအား မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ တာဝန်ရှိသူများက လာရောက်ပေးအပ်၍ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ သုံးလစာတစ်လလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြည်သူ ၅၀ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၀၅၆)

# နေ့စဉ်လှုပ်ရှားနေသူတို့ရဲ့ ရှင်သန်မှု

အောင်စိုး(လူမှုဝန်ထမ်း)

ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးဖြစ်သည့် ကျွန်ုပ်သည် အသက် ၆၀ ပြည့် ပင်စင်ယူပြီးနောက် ပင်စင်ယူပြီးကာစ ပတ်ဝန်းကျင်နှင့် အံဝင်ခွင်ကျမဖြစ်။ နေမထိ၊ ထိုင်မသာ အထီးကျန်မှုခံစားချက်ဖြစ်ခဲ့ဖူးပါသည်။

တစ်နေ့ ဆောင်းနံနက်ခင်း မန္တလေးကျုံးဘေး တစ်ဦးတည်း လမ်းလျှောက်ဖြစ်ခဲ့၏။ ထိုနေ့မှာပင် ကျွန်ုပ်ကဲ့သို့ အငြိမ်းစားဝန်ထမ်းများ လမ်းလျှောက်အဖွဲ့နှင့် တွေ့ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များသည် ကျွန်ုပ်ထက် အသက်အရွယ်အားဖြင့် စီနီယာကျသူများ ဖြစ်ကြ၏။ ချက်ချင်းဆိုသလိုရင်းနှီးမှုများ ရရှိသွားပြီး ထိုနေ့မှစ၍ ထိုအဖွဲ့နှင့်အတူ နံနက်တိုင်း လမ်းလျှောက်ဖြစ်ပါတော့သည်။

နံနက်စောစော ဘုရားဝတ်ပြု၊ တရားအားထုတ်ခြင်းအလုပ် ပြီးစီးပါက ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက် ကျုံးဘေးသို့ လမ်းလျှောက်ခြင်းဖြင့် ပြင်ပလှုပ်ရှားမှုကို စတင်ပါတော့၏။ ယင်းသည် ကျွန်ုပ်၏ တစ်နေ့တာ နေ့တစ်နေ့၏ အစပင် ဖြစ်ပါသည်။

လမ်းလျှောက်အဖွဲ့နှင့် ပြင်ပလှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် ကျွန်ုပ်ကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များ၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို သိသိသာသာ မြှင့်တင်ပေးပါသည်။

နေရောင်ခြည်ကို ပုံမှန်ထိတွေ့ခြင်းက အရိုးကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင် "ဒီ" ပေါင်းစပ်မှုကို အထောက်အကူပြုပါသည်။

ထို့အတူ ပန်းခြံထဲ လမ်းလျှောက်ခြင်းက ဥယျာဉ်ခြံစိုက်ခြင်း (Tai Chi)တိုင်ချီကဲ့သို့သော လှုပ်ရှားမှုများသည် နှလုံးသွေးကြောကြံ့ခိုင်မှု၊ ပျော့ပျောင်းမှုနှင့် ကြံ့ခိုင်မှုကို တိုးတက်စေနိုင်ပါသည်။

ထို့အပြင် အပြင်ထွက်ခြင်းသည် သဘာဝအလျောက် လေ့ကျင့်ခန်းလုပ်ခြင်းကို အားပေးပြီး ကျန်းမာသော ကိုယ်အလေးချိန်ကို ထိန်းသိမ်းရန်နှင့် နှလုံးရောဂါ၊ ဆီးချိုရောဂါ ကဲ့သို့သော နာတာရှည်ရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါသည်။

လေ့လာမှုများအရ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများတွင် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး





သာမက စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုတို့အတွက် စိတ်ဖိစီးမှုကို လျှော့ချပေးသည့် "ခံစားချက်ကောင်း"ဟော်မုန်းဟု မကြာခဏ ရည်ညွှန်းသော အင်ဒိုဖင်းများကို ထုတ်ပေးသည်။ ဤသဘာဝစိတ်ခံစားချက်ကို မြှင့်တင်ပေးခြင်းဖြင့် ဘဝအပေါ် ပိုမိုအပြုသဘောဆောင်သောအမြင်ကို ဖြစ်ပေါ်စေနိုင်သည်။

အထူးသဖြင့် သဘာဝအခြေအနေများတွင် အပြင်ထွက် အချိန်ဖြုန်းခြင်းသည် စိတ်ကြည်လင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးကြောင်း ပြသထားသည်။

လမ်းလျှောက်ခြင်းသည် အရိုးကျန်းမာရေးကို မြှင့်တင်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းသည် သက်ကြီးပုဂ္ဂိုလ်များတွင် အရိုးသိပ်သည်းဆကို တိုးမြှင့်စေပြီး အရိုးပွခြင်းနှင့် အရိုးကျိုးနိုင်ခြေကို လျှော့ချပေးပါသည်။ ဒါ့အပြင် အဆစ်အမြစ်ရောင်ရမ်းခြင်းရဲ့ လက္ခဏာတွေကို သက်သာစေနိုင်သည့်အပြင် အဆစ်ပတ်လည်မှာ ရှိတဲ့ ကြွက်သားများကို ချောဆီမြှင့်တင်ပေးပြီး အဆစ်အမြစ်တွေကို အားကောင်းစေခြင်းဖြင့် အဆစ်ကျန်းမာရေးကို အထောက်အကူပြုပါသည်။

ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ သုခချမ်းသာတို့ ရရှိခံစားရသည်သာမက ပြင်ပထိတွေ့ဆက်ဆံမှုဖြင့် လူမှုဘဝတိုးတက်လာခြင်းကို ဆက်လက်တင်ပြသွားပါမည်။

နံနက်တိုင်း ပြင်ပထွက်လမ်းလျှောက် စတင်သည့်ရက်မှစ၍ ကျွန်ုပ်ကဲ့သို့ အငြိမ်းစားသက်ကြီးပုဂ္ဂိုလ်အား အခြားသူများနှင့်ဆက်သွယ်ရန် အခွင့်အရေးကို ရရှိခံစားစေပါသည်။

ထို့နည်းအတူ ရပ်ရွာဥယျာဉ်ခြံများ ဒေသဆိုင်ရာ ပန်းခြံများတွင် ပြင်ပထွက်လှုပ်ရှားသော လမ်းလျှောက်အဖွဲ့များသည် လူမှုဆက်ဆံရေးကို ပံ့ပိုးပေးကာ အထီးကျန်မှုနှင့် အထီးကျန်မှုခံစားချက်များကို လျှော့ပေးနိုင်ပါသည်။

ကျွန်ုပ်တို့ကဲ့သို့သော သက်ကြီးပုဂ္ဂိုလ်များအတွက်သာမက သက်ငယ်ရွယ်တူချင်း ထိတွေ့ဆက်ဆံခြင်းသည် စိတ်သစ်များနှင့် ပေါင်းသင်းဆက်ဆံရေးကို ဖြစ်ပေါ်စေပါသည်။

အပြင်ဘက်တွင် အုပ်စုလိုက်လှုပ်ရှားမှုများတွင် ပါဝင်ခြင်းသည် အသက်အရွယ်မရွေး အကျိုးပြုနိုင်သော ကျွမ်းကျင်မှုများ၊ အဖွဲ့လိုက် လုပ်ဆောင်မှုများနှင့် ပေါင်းသင်းဆက်ဆံရေးကို အားပေးပါသည်။

ကျွန်ုပ်တို့လမ်းလျှောက်အဖွဲ့၏ ဝန်းကျင်ရှိ လူမှုဆက်ဆံရေးတွင် အပြန်အလှန်ပြောဆိုမှုများသည် မိမိကိုယ်ကို တန်ဖိုးထားမှုနှင့် စိတ်ဓာတ်ကျနိုင်ခြေကို လျှော့ချခြင်းဖြင့် စိတ်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ပါသည်။

ထိုမျှမက မျှဝေထားသော ပြင်ပအတွေ့အကြုံများသည် မြတ်နိုးဖွယ် အမှတ်တရများကို ဖန်တီးခြင်းနှင့် ပို၍ခိုင်မာသော အသိုင်းအဝိုင်း နှောင်ကြိုးများဆီသို့ ဦးတည်သွားစေပါသည်။

နံနက်တိုင်း ကျုံးဘေးတွင် လမ်းလျှောက်သကဲ့သို့သော သဘာဝတရားတွင် အချိန်ဖြုန်းခြင်းသည် စိတ်၏ငြိမ်သက်မှုကို သက်ရောက်စေကြောင်း ပြသပါသည်။

သာယာသောပတ်ဝန်းကျင်သည် စိတ်ဖိစီးမှု၊ စိုးရိမ်ပူပန်မှုနှင့် စိတ်ဓာတ်ကျခြင်းကို လျှော့ချနိုင်ပြီး ကျွန်ုပ်ကဲ့သို့သော သက်ကြီးပုဂ္ဂိုလ်များအတွက် စိတ်ကျန်းမာရေး တိုးတက်ကောင်းမွန်စေပါသည်။

သဘာဝအတိုင်းလမ်းလျှောက်ခြင်း(သို့မဟုတ်) ကျုံးဘေးကဲ့သို့ ပန်းခြံထဲတွင် ရိုးရိုးလေးထိုင်ခြင်းသည် အပန်းဖြေခြင်းနှင့် တွေးခေါ်ခြင်းတို့ကို ရရှိစေပြီး နေ့စဉ်လုပ်ရိုးလုပ်စဉ် ငြီးငွေ့မှုများမှ ငြိမ်းချမ်းစွာ လွတ်မြောက်စေပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် ထိတွေ့မှုသည် သိမြင်မှုဆိုင်ရာ လုပ်ဆောင်ချက်မြှင့်တင်နိုင်ခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် ဆက်စပ်သော သိမြင်မှုကျဆင်းခြင်းစတင်မှုကို နှောင့်နှေးစေသည်ဟု သုတေသနပြုချက်များအရ သိရှိရပါသည်။ သဘာဝတရား၏ ရှုခင်းများ၊ အသံများ၊ အနံ့များသည် အာရုံခံစားမှုများကို လှုံ့ဆော်ပေးပြီး စိတ်ကို တက်ကြွစေကာ စိတ်ကြည်လင်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးပါသည်။

ပတ်ဝန်းကျင်လမ်းလျှောက်အဖွဲ့များက ကျွန်ုပ်တို့ အငြိမ်းစားများ၊သက်ကြီးပုဂ္ဂိုလ်အဖွဲ့ကို "အိုငယ်" အဖွဲ့ဟုပင် ခေါ်လေ့ရှိပါသည်။ ကျုံးဘေးနံနက်တိုင်း လမ်းလျှောက်ခြင်း၊ ဝိုင်းဖွဲ့စကားပြောလေ့ရှိခြင်းအတွက် ကျန်းမာပျော်ရွှင်နေမှုကို တင်စားပြောဆိုခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့တွင် အရပ်ဘက်ဌာနဆိုင်ရာ ဝန်ထမ်းအငြိမ်းစား၊ တပ်မတော်အငြိမ်းစားများသာမက ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြပါသည်။

အောက်တိုဘာ ၅ ရက်သည် ကျွန်ုပ်တို့ လမ်းလျှောက်အဖွဲ့မှ အသက်အကြီးဆုံးပုဂ္ဂိုလ် အန်ကယ် ဦးမျိုးခင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ ဟိုတယ်ခရီး)ရဲ့ (၈၄)နှစ်ပြည့် မွေးနေ့ဖြစ်ပါသည်။ ယင်းနေ့ နံနက်စောစောအတွက် လမ်းလျှောက်အဖွဲ့အားလုံးကို ၁၉လမ်း "ပန်းသခင်" လက်ဖက်ရည်ဆိုင်တွင် ဧည့်ခံကျွေးမွေးခဲ့ပါသည်။

ပင်စင်ယူပြီးကတည်းက မန္တလေးကျုံးဘေးမှာ လမ်းလျှောက်ခဲ့သည်မှာ အနှစ် ၂၀ ကျော်ခဲ့ပြီ ဖြစ်ပါသည်။ ယခုထိ လမ်းလျှောက်ဆဲ ဖြစ်ပါသည်။ အိမ်နှင့် ကျုံးဘေးအသွား၊ အပြန် လမ်းလျှောက်ခြင်းသည် တစ်နေ့ ခြေလမ်းတစ်သောင်းမကပါ။ ဒါကြောင့်လည်း ကျန်းမာနေဆဲဖြစ်ပါသည်။ မှတ်ဉာဏ်အလွန်ကောင်းပြီး စာပေဝါသနာပါသူဖြစ်သည့်အတွက် အချို့သော သမိုင်းကြောင်းရက်စွဲတွေကအစ ချက်ချင်းပြောဆိုနိုင်သူဖြစ်ပါသည်။ စာဖတ်လည်းသန် အတွေ့အကြုံကလည်းများဆိုတော့ ရှေးဟောင်းနှောင်းဖြစ် ပြောရာမှာ ဗဟုသုတ ကြွယ်ဝသူ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာသော ဘဝနေထိုင်မှုအတွက် အပြင်ဘက်တွင် တစ်ဦးနှင့်တစ်ဦး ဖက်လဲတကင်းနေခြင်း၊ ပြင်ပလှုပ်ရှားမှုများကို နေ့စဉ် လုပ်ရိုးလုပ်စဉ်များတွင် ပေါင်းစည်းခြင်းသည် သက်ကြီးပုဂ္ဂိုလ်များ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများနှင့် လူမှုရေးပိုင်းဆိုင်ရာ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ပါသည်။

အဖွဲ့လိုက်လှုပ်ရှားမှုများဖြင့်ဖြစ်စေ၊ သဘာဝ၏ အထီးကျန်ပျော်ရွှင်မှုအရဖြစ်စေ၊ အပြင်ဘက်တွင် လူနေမှုဘဝ အရည်အသွေးကို မြှင့်တင်ပေးနိုင်သည့် အတွေ့အကြုံများစွာကို ပံ့ပိုးပေးပါသည်။

သက်ကြီးပုဂ္ဂိုလ်များကို ပြင်ပပတ်ဝန်းကျင်များတွင် စူးစမ်းလေ့လာရန် အားပေးခြင်းသည် ပိုမိုကျန်းမာသော ပိုမိုချိတ်ဆက်မှုနှင့် ပြည့်စုံသော ဘဝတစ်ခုဆီသို့ ဦးတည်သွားနိုင်သည့်အတွက် နေ့စဉ်လှုပ်ရှားနေသူများအဖို့ ရှင်သန်နေဦးမည် ဖြစ်ပါသည်။



## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၂)၊ ဦးပိုင်အမှတ် (၂၃)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးကိုကိုလေး အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့-အနောက် ပေ(၄၀)၊ တောင်-မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့်တကွ ယင်းမြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလချထားပေးခြင်းခံရသူ ဦးကိုကိုလေး(ဘ)ဦးတင် (WMLY-၃၂၆၅၂၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊၀၉-၇၇၅၂၀၈၀၂၀၊၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊(စ)ရပ်ကွက်၊အကွက်အမှတ်(တတ-၅)၊ဦးပိုင်အမှတ်(၃၀-ခ)၊ (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်သည် ဦးဖိုးတုတ် အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မိုးမိုးအေး(ဘ)ဦးသောင်းရှိန်(၉/ပကခ(နိုင်)၀၂၃၆၀၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဦးမြတ်စိုးဦး(LL.B) ဦးဝေဖြိုးအောင်(LL.B) ဒေါ်မှူးမှူးမြတ်သွယ်(LL.B) ဒေါ်ပွင့်ဖြူကျော်(LL.B)**
**(အထက်တန်းရှေ့နေများ)**
**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊၀၉-၇၇၅၂၀၈၀၂၀၊၀၉-၂၅၉၁၁၈၅၆၁**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၁)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ပေအတွင်းရှိ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်းအား ယခုရောင်းချသူ ဒေါ်နုနုကြည်(ဘ)ဦးဘို(၉/မရမ(နိုင်)၀၆၇၇၈၉) ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်ခိုင်စာထွန်း (LL.B)**
**ဒေါ်ချယ်ရီမို့မို့သိန်း (LL.B) ဒေါ်အေးခိုင်ညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၉၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## အများသိရှိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၁)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ပေအတွင်းရှိ တောင်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက် အစိတ်အပိုင်းအား ယခုရောင်းချသူ ဒေါ်ခင်ဆွေဝင်း(ဘ)ဦးကြည်မောင်(၉/မနတ(နိုင်)၀၆၇၉၂၀) ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပြောဆိုရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နန်းဆိုင်ပွဲ(ခ)ဒေါ်ခိုင်စာထွန်း (LL.B)**
**ဒေါ်ချယ်ရီမို့မို့သိန်း (LL.B) ဒေါ်အေးခိုင်ညွန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**အကွက်(၀-၁၀/၆၃)၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၀၁၁၉၁၆၊ ၀၉-၇၇၆၅၁၁၆၆၀၊ ၀၉-၂၅၉၀၀၁၀၅၆၊ ၀၉-၄၄၄၀၁၇၆၈၃**

## မွေးနေ့ဆုမွန်

**ချစ်မေမေ ဒေါ်အမာရင်၏**

(၂၂-၃-၂၀၂၆)ရက်တွင် ကျရောက်သော မွေးနေ့မှစ၍ ကျန်းမာခြင်း၊ ချမ်းသာခြင်း သုခနှင့် ပြည့်စုံနိုင်ပါစေ။

**ချစ်သမီး – ခိုင်ဖြိုးဟေမာ**
**ဖေဖေ – ဦးသာဌေး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက် ဦးညဏ်ထွန်း(၉/တသန(နိုင်)၁၃၃၀၇၄)+ ဒေါ်ယဉ်နွယ်အေး(၉/နထက(နိုင်) ၁၃၈၃၄၇)တို့၏သား အောင်ပြည့်ဖြိုး(၉/ခမစ(နိုင်)၀၆၈၄၆၉)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံတော့သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဦးညဏ်ထွန်း+ဒေါ်ယဉ်နွယ်အေး**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်နံပါတ်(၃၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၀၉)ဧက၊ ပေ(၃၀×၄၅) အကျယ်အဝန်းရှိ ဦးတင်ရွှေ အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအာကာလင်း(ဘ)ဦးစိုးဝင်း(၉/မရတ(နိုင်)၁၀၇၉၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၄)၊ ဦးပိုင်နံပါတ်(၁၄၈)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်ရွှေ(ခ)ဒေါ်ဝင်းရွှေ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း (၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးဝင်း(ဘ)ဦးမော်(၅/ဘတလ(နိုင်)၀၀၇၆၇၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အိအိမွန် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M) တရားလွှတ်တော်ရှေ့နေ ဒေါ်အေးနန္ဒာထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ ဒေါ်မာလာစိုး (LL.B) အထက်တန်းရှေ့နေ ဒေါ်ဖူးသန့်မွန် (LL.B) အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၂၀-က/ကျိုင်းသိန်)၊ ဦးပိုင်အမှတ်(၂/၂)၊ ဧရိယာ(၃ ဒသမ ၃၉)ဧက အကျယ်အဝန်းရှိ လယ်မြေမှာ ဦးချစ်သန်း အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်၊ လယ်ယာမြေပုံစံ(၇) ရရှိထားသော လယ်မြေကွက် ဖြစ်ပါသည်။ ခင်ပွန်းဖြစ်သူ ဦးချစ်သန်းမှာ (၂၀-၇-၂၀၁၇)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်၍ အထက်အဆိုပါ ဦးချစ်သန်း အမည်ပေါက် လယ်မြေကွက်အား ၎င်း၏ တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်တုတ်မှ ပုသိမ်ကြီးမြို့နယ်၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသို့ လယ်ယာမြေပုံစံ(၇) အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသည်။

အဆိုပါ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက် အတွင်း အထောက်အထား ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်နောက် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်တုတ် (၉ /ပသက(နိုင်)၀၃၇၇၆၆)**
**မြောက်တံတိုင်းရှည်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။**
**ဖုန်း ၀၉-၂၀၅၀၅၁၅၊ ၀၉-၇၅၇၂၅၈၄၀၃**

❖ ယနေ့ခေတ်မှ ပညာခေတ်မဟုတ်ကြောင်း၊ ကမ္ဘာဦးကာလကတည်းက ပညာကိုအခြေပြုပြီး လူ့ဘောင်လောကကို တည်ဆောက်ခဲ့ကြခြင်းဖြစ်...

❖ ပညာကြောင့်ပင် လူသားတို့ယဉ်ကျေးမှုသမိုင်း ပြောင်းလဲတိုးတက်ခဲ့ခြင်းဖြစ်...

❖ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများကို လေ့လာကြည့်ပါက ပညာတတ်များ ပေါ်ကြွယ်ဝခြင်းနှင့် ပညာရေးကို နှစ်ကာလများစွာကတည်းက အားပေးခဲ့ကြခြင်းကြောင့် ဖြစ်သည်ကိုတွေ့နိုင်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ပြုလုပ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၏ (၇၅)ကြိမ်မြောက် စိန်ရတု (၃၈)ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။






# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး မတ် ၂၁**

၂၀၂၆ ခုနှစ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ်ရှိ အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း အောင်တံခွန်ခန်းမတွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ သင်တန်းနည်းပြ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် သင်တန်းတက်ရောက်ကြသည့် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းအဖွင့်အမှာစကားပြောကြားရာတွင် လူငယ်များ၏ အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် လူမှုတန်ဖိုးများမြှင့်တင်ရေး၊ ယဉ်ကျေးမှုတန်ဖိုးများကို ထိန်းသိမ်းလိုက်နာတတ်စေရေး ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူငယ်များ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်စေရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်မည့် လူတော်လူကောင်းများဖြစ်လာစေရေးတို့တွင် များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် သင်တန်းကို ပြီးဆုံးသည်အထိ တက်ရောက်၍ ကြိုးစားသင်ယူသွားကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် နည်းပြဆရာ တိုင်းဒေသကြီး သာသနာရေးမှူးရုံးမှ တာဝန်ရှိသူက သင်တန်း

**စာမျက်နှာ ၄ သို့ ***

# FIFA MFF U-15 Youth League 2026 ပြိုင်ပွဲ ရန်ကုန်ဇုန် ခြေစစ်ပွဲများ ဧပြီလဆန်းတွင် စတင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) မှ စီစဉ်ကျင်းပသည့် MFF U-15 Youth League 2026 ပြိုင်ပွဲကို ယခုနှစ်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပထမအဆင့်ဖြစ်သည့် ရန်ကုန်ဇုန် ခြေစစ်ပွဲများကို ဧပြီလအစောပိုင်းတွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲ၏ ပထမအဆင့်အဖြစ် ရန်ကုန်ဇုန်တွင် ယခုနှစ်ပြိုင်ပွဲဝင်ရောက်ရန် စာရင်းပေးသွင်းထားသည့် အသင်းများအား အုပ်စုပတ်လည်စနစ်ဖြင့် Qualification ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုတစ်ခုချင်းစီမှ ပထမနှင့် ဒုတိယရရှိသည့် အသင်းစုစုပေါင်း (၆)သင်းသည် နောက်တစ်ဆင့်သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါ ခြေစစ်ပွဲများကို ဧပြီ ၄ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဒုတိယအဆင့်တွင် ရန်ကုန်ဇုန်အတွက် ယခင်နှစ်ပြိုင်ပွဲတွင် ပါဝင်ခဲ့သည့် အသင်း (၁၂)သင်း၊ MFF U-14 အသင်းနှင့် YUFC အသင်းတို့နှင့်အတူ ခြေစစ်ပွဲ အောင်မြင်သည့် အသင်း (၆)သင်း စုစုပေါင်း (၂၀)သင်းဖြင့် တစ်ကျော့စနစ်ဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ထို့အပြင် မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်ဇုန်များတွင် အသင်း(၆)သင်းစီဖြင့် နှစ်ကျော့စနစ် လိဂ်ပုံစံဖြင့် ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

တတိယနှင့် နောက်ဆုံးအဆင့်တွင် ရန်ကုန်ဇုန်မှ အဆင့်(၁)မှ (၄)အထိ ရရှိသောအသင်းများ၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်ဇုန်များမှ အဆင့်(၁) ရရှိသောအသင်းများနှင့် ထိုဇုန်(၃)ဇုန်အနက်မှ အမှတ်အများဆုံး ဒုတိယရရှိသည့် အသင်း(၁)သင်းတို့ကို ပေါင်းစပ်ကာ စုစုပေါင်း (၈)သင်းဖြင့် Final Stage ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ရန်ကုန်ဇုန် ခြေစစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများမှာ Phar Si Myay FC, Little Comets FC, Dagon East Star FC, Bo Min Yaung FC, Future Stars FC, Future Goal FC, Phoenix Future Soccer FC, Burma Football Academy FC, Syriam Myoma FC, Bushido Team FC, SWAT-E FC, BH5 FC နှင့် St. Paul FC တို့ဖြစ်ကြသည်။

MFF U-15 Youth League ပြိုင်ပွဲသည် မြန်မာနိုင်ငံ၏ လူငယ်ဘောလုံးဖွံ့ဖြိုးရေးအတွက် အရေးပါသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး အနာဂတ် နိုင်ငံ့လက်ရွေးစင်ကစားသမားများ ထွက်ပေါ်လာရန် အဓိက ပံ့ပိုးပေးလျက်ရှိသည်။

**(NGB)**

၀-၀-၀-၀

